မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၂၆ရက်၊ တနင်္ဂနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၅၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ရေးကျက်စီးပွားရေးစနစ် ဗဟြိုင်ရာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အဓွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရှိရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေး ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိ

ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ပြည်သူများအတွင်း ထိရောက်ပျံ့နှံ့စွာဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

နိုင်ငံတော်တန်ကြီးချုပ် ဦးသိန်းစိန်သည် ယနေ့နံနက် ဇနာရီတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိ ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသစ်ရှေ့၌ ကျင်းပသည့် မြို့နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဆေးရုံသစ် မော်ကွန်းကြေးပြားဆိုင်းဘုတ်ကို အမွေးနုံသာရည်ဖြင့် ပက်ဖျန်းပေးသည်။

တက်ရောက်

အဆိုပါ ဆေးရုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ အိုးရုအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျွန်းမာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဘဝခရာနှင့် ပန်းဖွားအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်တန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဒုတိယဥက္ကဋ္ဌ ဦးယောသပ်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄) နှင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဒုတိယဥက္ကဋ္ဌ ဦးယန်ကျင်ကန်၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၅) တွင် ဖော်ပြထားပါသည်။

မြန်မာ့အသံ

အယ်ဒီတာ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၆ ရက်)

အဖိုးတန်သဘာဝကျွန်းတောများ ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများနှင့် ပြည့်စုံသည့်နိုင်ငံဖြစ်သည်။ သဘာဝသယံဇာတများတွင် အဖိုးတန်သဘာဝသစ်တောများလည်း ပါဝင်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ သဘာဝကျွန်းတောများသည် ကမ္ဘာတွင်ထင်ရှားရှိ၍ အရည်အသွေးကောင်းသော ကျွန်းများဖြစ်သည်။

အဖိုးတန်သဘာဝကျွန်းတောများ မဖျက်စီးရန်၊မပြန်းတီးရန် သစ်တောဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသကဲ့သို့ ကျွန်းစိုက်ခင်းများကိုလည်း ထပ်မံတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင်လည်း ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပိတောက်၊ ယူကလစ်စသည်တို့ကို အစားထိုးစိုက်ပျိုးလျက်ရှိသည်။

ကျွန်းစိုက်ခင်းများအနက် သပိတ်ကျင်းမြို့နယ်သည်လည်း အပါအဝင်ဖြစ်သည်။ သပိတ်ကျင်းမြို့နယ်တွင် ကျွန်းစိုက်ခင်းဧက ၂၂၀စိုက်ပျိုးထားရှိသည်။ သစ်တောများ မပြန်းတီးရန်အတွက် သစ်တောအစားထိုး ကျွန်းစိုက်ခင်းကို ချောင်းကြီးကြီးဝိုင်းအကွက်(၄၇) ဧက ၁၀၀၌ စိုက်ပျိုးထားသည်။ တစ်ဧကကို ကျွန်းပင် ၆၀၀ခန့်၊ စိုက်ပျိုးထားခြင်းဖြစ်သည်။

သပိတ်ကျင်းမြို့နယ်တွင် ၁၉၈၈ခုနှစ်မတိုင်မီက ကျွန်းပင်စိုက်ဧက ၂၀၀ သာရှိခဲ့ရာ ယခုအခါ ဧက ၂၂၀၀ အထိ တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့သည်။ ပုဂ္ဂလိက ကျွန်းစိုက်ပျိုးမှုကိုလည်း ခွင့်ပြုခဲ့သမြင့် ၂၀၀၈-၂၀၀၉ ၌ ဧက ၅၀ သာရှိခဲ့ရာ ယခုအခါ ၂၀၀၉-၂၀၁၀ ၌ ဧက ၁၀၀နှင့် ၂၀၁၀-၂၀၁၁ ၌ ဧက ၁၀၀ စိုက်နိုင်ခဲ့သည့်အပြင် လမ်းဘေးဝဲယာ၌ပါ စိုက်ပျိုးနိုင်ခဲ့သည်။

သပိတ်ကျင်းမြို့နယ်တွင် သစ်တောကြီးဝိုင်း ၁၃ ဝိုင်းရှိသည်။ နှစ်စဉ် ကျွန်းစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးသွားရန်ရှိပြီး ယခု ၂၀၁၀ခုနှစ်အတွင်း ကျွန်းစိုက်ခင်းဧက ၄၀၀ ကို စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် သစ်တောဧရိယာ အကျယ်ပြန့်ဆုံး ဒေသဖြစ်သည်။ သစ်တောသစ်ပင်သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေ၊ မြေ သားင့်ကတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးတို့အတွက် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ မြန်မာနိုင်ငံ၏ အဖိုးတန် သဘာဝကျွန်းတောများ ဖျိုးဆက်မပြတ်ရေးအတွက် ကျွန်းအထူးစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ သစ်ပင်သစ်တောပြန်းတီးမှုကို ကာကွယ်ခြင်းဖြင့်လည်းကောင်း ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဖြည့်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စဉ်ကူ အထက(ခွဲ) အာစရိယပူဇော်ပွဲ ကျင်းပမည်

စဉ်ကူ စက်တင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး စဉ်ကူမြို့ အထက(ခွဲ)၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းစတင်ဖွင့်လှစ်သည့် ၁၉၅၃ခုနှစ်မှ ၂၀၁၀ခုနှစ် အောက်တိုဘာ ၃၀ရက်အတွင်း စဉ်ကူ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းခွဲတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည် သို့မဟုတ် လုပ်သက်ပြည့် အငြိမ်းစားယူသွားသည့် ဆရာ ဆရာမကြီးများသည် ဥဒ္ဓာန္တ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ အထက(ခွဲ) စဉ်ကူမြို့၊ ပုဂံ၊ ညောင်ဦးမြို့နယ် (ချောက်စာတိုက်)လိပ်မူ၍ ဆက်သွယ်ကြရန်နှင့် ပါဝင်လျှောက်ထားလိုသူများသည် ဦးစိုးဝင်း(သတင်းထောက်-စဉ်ကူစိုးဝင်း) ဖုန်း-၀၁-၆၄၃၅၆၊ ဦးမြင့်လွင် (အင်/ယာ)နေပြည်တော် ဖုန်း-၀၆၇-၀၇၀၂၈၊ ၀၆၇-၄၂၁၁၂၉၊ ဦးဝင်းလိုင် ဖုန်း-၀၁-၅၈၁၆၇၆၊ ၀၆၇-၄၂၁၁၂၉၊ ဦးခေါင်ဝင်းနိုင် ဖုန်း-၀၂-၅၄၇၀၇၀၊ စဉ်ကူ ဦးမြင့်ဆွေ ဖုန်း-၀၉-၄၇-၂၀၈၄၁၇နှင့် ဒေါ်မြင့်မြင့်ရီ ဖုန်း-၀၉-၂၀-၄၃၃၇၁၀တို့ထံသို့ ဆက်သွယ်လျှောက်ပြီး နိုင်ကြောင်း သိရသည်။ (၁၁၃)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဦးသိန်းအောင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၅

သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်နှင့်တိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်းဒေသကြီး တာဝန်ခံ ညွှန်ကြားရေးမှူးများ၊ အမှုပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန တိုင်းဒေသကြီး တာဝန်ခံ ညွှန်ကြားရေးမှူးများ၊ မြန်မာ့သစ်လုပ်ငန်း ပြည်နယ်နှင့် တိုင်းဒေသကြီး တာဝန်ခံ ဒုတိယဒေတွေဝေ မန်နေဂျာများက သက်ဆိုင်ရာအလိုက် ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာ အကြီးအကဲများက ပြည်စွက် ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က သစ်တောရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သုံးသပ်တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားကာ မိုဃ်းချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ရန်ကုန်မြို့ ပုဒ္ဓနိတောင်မြို့နယ် ကျိုတော်ရပ် မဟာသုခလမ်း အမှတ် ၈၈၆ ခေါ်ခင်သိန်းနွယ် ကထိက (ဦးမဲ) မြန်မာစာဌာနက မိဘနှစ်ပါးနှင့် အစ်ကိုကြီးတို့အားရည်စူး၍ စီဝိတဒါန သံဃာ့ဆေးရုံကြီး ရန်ကုန်သို့ ထာဝရ ဆေးပေသာပင်အတွက် အလှူငွေကျပ် နှစ်သိန်းလှုဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးတင်မောင်ဝင်းက လက်ခံယူစဉ်။

(သံဃာ့ဆေးရုံ)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ကဝမြို့နယ်၌ ဖွင့်လှစ်

ကဝ စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ရပ်ကွက်၊ ကျေးရွာနှင့်ဝန်ထမ်းများ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း(၂/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက် ၁၀နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

လက်တွေ့သရုပ်ပြ

သင်တန်းတွင် မြို့နယ်ဥက္ကဋ္ဌဦးလှလင်းအောင်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မြင့်(အမေါ်ပဲ)နှင့် အတွင်းရေးမှူး ဦးသိန်းမောင်တို့က မဲရုံမှူးနှင့် ဒုတိယ မဲရုံမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရှင်းလင်းသည်။ အဖွဲ့ဝင်များဖြစ်ကြသည့် ဥပဒေအရာရှိ ဒေါ်အေးအေးမေ၊ မြို့နယ် ပညာရေးမှူး ဒေါ်ခင်စန်းအေး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူး ဦးစောခူးဝေါ်တို့က ဥပဒေ၊ နည်းဥပဒေ၊ မဲရုံမှူးနှင့် ဒုတိယ မဲရုံမှူးများအား သင်တန်းပို့ချ ရှင်းလင်းပြပြီး မဲရုံပုံစံကို လက်တွေ့သရုပ်ပြကြသည်။

တက်ရောက်

အခမ်းအနားသို့ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်နှင့် ကျေးရွာအဖွဲ့ခွဲ အတွင်းရေးမှူးများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ပွဲဖြိုးရေးကောင်စီဝင်များ စုစုပေါင်း ၁၆၉ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၀၆၄)

စက်တင်ဘာ ၁၅ရက်က ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များအလိုက် ရေမြောင်းများ ရေစီးရေလာကောင်းရေးအတွက် အမှတ် (၉)ရပ်ကွက် တပင်ရွှေထီးလမ်း ရေမြောင်းဟော်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဒုတိယဦးစီးမှူး (သန့်)က ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စောင့်ကြည့်သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၅

နေပြည်တော်-ရန်ကုန် မြန်နှုန်းမြင့် ရထားလမ်း တရုတ်-မြန်မာ ပူးပေါင်း ဖောက်လုပ်မည်၊ ပုဂ္ဂလိက စက်သုံးဆီ ၃၀ရာခိုင်နှုန်း လျှော့ချဖြန့်ဖြူးမည်၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ကျောက်စိမ်း ၂၅ဂသိန်း ကီလိုဂရမ် တူးဖော်လုပ်ကိုင်နိုင်ခဲ့၊ မြန်မာ-ဗီယက်နမ် ကုန်သွယ်မှုပမာဏ မြင့်တက်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းဝင်တံတားများ၌ ယာဉ်ဖြတ်သန်းခ အတိမ်တိုးနှုန်းထက် ပိုမိုကောက်ခံလျက်ရှိ၊ EU နှင့် အရေးဆိုယင်ပိုင်နိုင်ငံများသို့ ငါးမြစ်ချင်း အများဆုံးတင်ပို့နေရာ၊ ငွေတိုက်စာချုပ်များ ရောင်းချခြင်းနှင့်ပတ်သက်၍ MSEC မှ အမှုဆောင်ဒါရိုက်တာနှင့် တွေ့ဆုံခြင်း၊ ခုတင်(၁၀၀)ဆံ့ ဘိုကလေးမြို့ ဆေးရုံကြီး စတင်တည်ဆောက်၊ မင်္ဂလာပွဲအတွက် အရေးပါတဲ့ မှတ်တမ်းတတ်ပုံ၊ သတ်မှတ်ကာလပြည့်သော်လည်း ပုဂ္ဂလိက ဆီဆိုင်များ၊ ဓာတ်ဆီတစ်ဂါလန်ကျပ်၂၅၀ ဖြင့်သာ ရောင်းချ၊ မြန်မာ-ထိုင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရန်နှိမ်စဉ်၊ မြန်မာနိုင်ငံတွင် ဆန်စားသုံးမှု တစ်နှစ် တန်ချိန် ၁သိန်းခန့်ရှိ၊ ရေချိုငါးမွေးမြူရေးကန်များ အတွက်တစ်ဧကလွှတ်ပင်ငါးသိန်းထုတ်ရေး၊ ယုဇနပလာဓာတုတင် ဝန်ဆောင်ခ နှုန်းထားများ နှစ်ဆတိုးမြှင့် ဆိုင်ခန်းဌားရမ်းသူများ အခက်အခဲရှိ၊ ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များ၏ ဒီဇယ်ရေးနှုန်း အနည်းငယ် ကျဆင်း၊ မွေလီရှင်ကွေး အင်တာနက် အရေး၊ နတ်တလင်းမြို့မှ မြင့်မြတ်နလုံး သားဖြင့် ခရီးသွားနေသူများ၊ ရွှေကောက်ပွဲ ရှုံးသော်လည်း ပါတီမရှုံးစေနဲ့၊ ARV ဆေး ပြည်တွင်းအလျှုရှင်များထက် ပြည်ပ အလျှုရှင်များကို အားထားနေရ၊ မျိုးဆက် သစ်တွေကို လက်တွဲမယ့် လူမင်း၊ ဘာသာရေးဘက်မှာ အားနည်းချက်မဖြစ်ချင်တဲ့ ထွန်းအိန္ဒြာ၀ို၊ ဖွံ့ဖြိုးမြင့်ဆောင်ရဲ့ လောကမဝံကြားက နူတက်ထွက်စကား၊ အရှိန်ကောင်း ကောင်းနဲ့ ခရီးဆက်နေတဲ့ သင်ဓာဝင့် ကျော်၊ အချစ်ရေးကိုစိတ်မဝင်စားသေးတဲ့ ပမထ-၁၄၊ ပါကစ္စတန်ရေဆား အကူ အညီ ပိုမိုပေးကြရန် ကုလတိုက်ကွန်း၊ HIV ရောဂါနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခဲ့သူ လေဘပသား တရားရင်ဆိုင်ရမည်၊ လိင်ဆက်ဆံမှုမှတစ်ဆင့် ရောဂါကူးစက်ခံရသူ ဗြိတိန်တွင် စံချိန်ချိန်တင်၊ မတ္တဆီကိုပင်လယ်ကွေ့မှ ရေနံယိုဖိတ်သည့် ကွင်း၁၀အား ပိတ်ဆို့နိုင်ဦး၊ ဆောင်ချစ်စု၏ အစ္စရေး-ပါလက်စတိုင်းဆွေးနွေးပွဲ၊ ထွဋ်ဝင်းထွဋ်၏ တရုတ်တိုးတက်ဖြစ်ထွန်းမှု ဘယ်လမ်းကြောင်းကို ဦးဘည်ရေသလဲ စသည့် ကဗျာအရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်)ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

❖ ရွှေဒုံးမှ

ရေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်ဆေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ဆေးရုံသစ်မော်ကွန်းကြေးပြားဆိုင်းဘုတ်ကို အမွေးနုံသာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဆေးရုံသစ် မော်ကွန်းကြေးပြားဆိုင်းဘုတ်ကို အမွေးနုံသာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဆေးရုံသစ် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဆေးရုံသစ်ရွှေပြောင်းပေးအပ်ပွဲကို ဆေးရုံသစ်ဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နေပြည်တော် အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချန်က ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်ထံ ဆေးရုံသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လျှောက်ခဲ့

ထို့နောက် နောင်တုံးကုမ္ဗဏီ အုပ်ချုပ်မှူးဒါရိုက်တာ ဦးစိုင်းတစ်အောင်က ဆေးရုံအတွက် ရုပ်မြင်သံကြားစက် လေးလုံးနှင့် ရေအေးစက် လေးလုံးတို့ကို ပေးအပ်လျှောက်ခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ရွှေက လက်ခံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုအချိန်တွင် ပြည်သူများ၏ စားဝတ်နေရေးအတွက် မမှေပင်မကြောင့်ကြရအောင် စိုက်ပျိုးရေးကဏ္ဍက ပြည်ဆည်ပေးနိုင်ပြီဖြစ်သကဲ့သို့ နိုင်ငံတော်ကြွယ်ဝချမ်းသာလာရေး၊ သဘာဝအရင်းအမြစ်များကို စနစ်တကျ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေးတို့အတွက် စက်မှုကဏ္ဍာ ဖွံ့ဖြိုးတိုးတက်လာစေရန် ထူထောင်တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ဤသို့ စက်မှုကဏ္ဍာအပါအဝင် ဘက်စုံကဏ္ဍာနဲ့မှ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြင့်သာ တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ ထိုသို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများ ဖြစ်ပေါ်လာစေရန် ကျန်းမာရေးအသိပညာဗဟုသုတပြည့်စုံရန် လိုအပ်ကြောင်း။

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် ဧမ္ဘူသီရိမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံသစ် လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် နေပြည်တော်ခရိုင် ဧမ္ဘူသီရိမြို့နယ် မြို့နယ်ဆေးရုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဖဲကြိုးဖြတ်

တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်ဆေး၊ ဝန်ကြီး ဦးသိန်းညွန့်နှင့် ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ ဧမ္ဘူသီရိ မြို့နယ်ရှိ မြို့နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် သင့်လျော်သည့်ဒေသများ၌ ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများကလည်း ကုသရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူများအတွင်း ထိရောက်ထုံ့ဆန့်စွာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဧမ္ဘူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်သူ ရပ်ကွက်သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယခုဖွင့်လှစ်သည့် နေပြည်တော် ဧမ္ဘူသီရိမြို့နယ် မြို့နယ်ခုတင်(၅၀)ဆံ့ဆေးရုံကို မြေကော ၅၂ ဒသမ ၉၁၅ ကေပေါ်၌ ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၆ရက်မှ စတင် တည်ဆောက်ခဲ့ပြီး R.C.C အမျိုးအစား တစ်ထပ်အဆောက်အအုံဖြစ်သည်။

ဆေးရုံ၌ ပြင်ပ လူနာဌာန၊ အရေးပေါ်ဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ သွားဘက်ဆိုင်ရာကုသမှုဌာန၊ ခွဲစိတ်ကုသဆောင်၊ အတွင်းလူနာကုသရေးဌာနနှင့် ပြည်သူ့ကျန်းမာရေးဌာနစသည်တို့ ပါဝင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော်ခရိုင် ဧမ္ဘူသီရိမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံသစ်ရှိ သွားဘက်ဆိုင်ရာ ကုသမှုဌာနကို တွေ့ရစဉ်။ (သတင်းစဉ်)

စက်မှုကဏ္ဍာအပါအဝင် ဘက်စုံကဏ္ဍာစုံမှ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြင့်သာ တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ ထိုသို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများ ဖြစ်ပေါ်လာစေရန် ကျန်းမာရေးအသိပညာ ဗဟုသုတပြည့်စုံရန် လိုအပ်ကြောင်း။

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၅

လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးယောသပ်က ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ (၂၅)ရက် ညဦးပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

လေးစားအပ်ပါသော ရေဒီယိုနှင့်ရုပ်မြင်သံကြား ဖန်သားပြင်ပေါ် ကြည့်ရှုအားပေးကြပါသော မိဘပြည်သူပရိသတ် အပေါင်းတို့ခင်ဗျား...

ယခုလို ရေဒီယိုနှင့် ရုပ်မြင်သံကြားဖန်သားပြင်ပေါ် မိမိတို့၏ မူဝါဒ သဘောထားနှင့် လုပ်ငန်းစဉ်များကို စည်းရုံးဟောပြော ထုတ်လွှင့်ခွင့်များကို ပြည်ထောင်စုရေးကောက်ပွဲကော်မရှင်က စီစဉ်တင်ပြခွင့်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ ဦးယောသပ်ဖြစ်ပါတယ်။ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မူဝါဒ သဘောထားများကို ရှေးဦးစွာ တင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မူဝါဒ သဘောထားများမှာ-

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ ခေတ်မီတိုးတက်သည့် နိုင်ငံတော်ကြီးတစ်ရပ်အဖြစ်တည်ဆောက်ရာတွင် စစ်မှန်သော ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးမှသာ အောင်မြင်မှုရရှိမည်ဟု မိမိတို့ပါတီ အနေဖြင့် ယုံကြည်ပါတယ်။

ယင်းကဲ့သို့ ဒီမိုကရေစီနှင့်ကျင့်သုံးသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် လားဟူအမျိုးသားများနေထိုင်ရာ ဒေသအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စည်းလုံးညီညွတ်မှုအင်အားကို ရယူနိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်နိုင်ရန် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို ဖွဲ့စည်းရင်းခြေဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို လားဟူဘာသာဖြင့် (လားဟူရေကျူဆူလာမူလာတူပါတီ)ဟူ၍ လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် (Lahu National Development Party) ဟု ခေါ်ဆိုပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံတော်အကြောင်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံသည် အလျား ၅၆၀၊ အနံ ၂၁သမၻေပေရှိပြီး အလံတစ်ခုလုံးရဲရောင်ဘက်မှာ အဖြူရောင် သုံးနှားညီတြိဂံ ထောင်ထားပါတယ်။ အနီရောင်နှင့် မိုးပြာရောင်တို့သည် အလံ၏ အလှုပေါ်ထက်ဝက်စီဖြင့် အရောင်ခြယ်ထားပါတယ်။

ထောင်ထားသော သုံးနှားညီတြိဂံ၏ အဖြူရောင်နောက်ခံ၍ လားဟူရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ အစဉ်အဆက်အသုံးပြုသော ဘူးခါးပလွေနှစ်ခုကို ကြက်ခြေခတ်ပုံစံဖြင့် ထောင်ထား၍ ကြက်ခြေခတ်ဆုံတဲ့နေရာတွင် စပါးနှံတစ်နံထောင်ထားပြီး စပါးနှံထိပ်တွင် ကြယ်နီတစ်ပွင့်ရှိပါတယ်။

သင်္ကေတ၏ အဓိပ္ပာယ်ကတော့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံတော်သည် အလျား ၅၆၀ အနံ ၂၁သမၻေပေရှိပြီး အလံတစ်ခုလုံးရဲရောင်ဘက်မှာ အဖြူရောင် သုံးနှားညီတြိဂံ ထောင်ထားပါတယ်။ အနီရောင်နှင့် မိုးပြာရောင်တို့သည် အလံ၏ အလှုပေါ်ထက်ဝက်စီဖြင့် အရောင်ခြယ်ထားပါတယ်။

ထောင်ထားသော သုံးနှားညီတြိဂံ၏ အဖြူရောင်နောက်ခံ၍ လားဟူရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ အစဉ်အဆက်အသုံးပြုသော ဘူးခါးပလွေနှစ်ခုကို ကြက်ခြေခတ်ပုံစံဖြင့် ထောင်ထား၍ ကြက်ခြေခတ်ဆုံတဲ့နေရာတွင် စပါးနှံတစ်နံထောင်ထားပြီး စပါးနှံထိပ်တွင် ကြယ်နီတစ်ပွင့်ရှိပါတယ်။

သင်္ကေတ၏ အဓိပ္ပာယ်ဖော်ပြချက်အတိုချုံးကတော့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အလံတော်ပါ ပါဝင်သော အဖြူရောင်၊ တြိဂံ၊ ဘူးခါးပလွေ၊ စပါးနှံနှင့် ကြယ်နီတစ်ပွင့်တို့ရဲ့ အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

- အဖြူရောင်ကတော့ ဖြူစင်သန့်ရှင်းခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကတိသစ္စာရှိခြင်းကို အသွင်ဆောင်ပါတယ်။ အနီရောင်ကတော့ ရဲစွမ်းသတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း၊ ရဲရင့်တည်ကြည်ခြင်းကို ဖော်ဆောင်ပြီး မိုးပြာရောင်ကတော့ ကြည်လင် အေးမြခြင်း၊ ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို ဖော်ညွှန်းပါတယ်။
- တြိဂံသည် လားဟူအမျိုးသားများ၏ ဘုရား၊ တရားကို သက်ဝင်ယုံကြည်ကိုင်းရှိုင်းခြင်း၊ မျိုးချစ်စိတ်ရှိခြင်းနှင့် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးခြင်းတို့ကို ဆိုလိုပါတယ်။
- ဘူးခါးပလွေကတော့ ခေတ်အဆက်ဆက်မှ လားဟူအမျိုးသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ စည်းလုံးညီညွတ်မှုအသွင်ဆောင်လျက် အထွတ်အမြတ်ထားခြင်း၊ ကတိသစ္စာရှိခြင်း၊ မည်သည့် နေ့ထူးနေ့မြတ် ပွဲလမ်းသဘင်တွင်မဆို ဘူးခါးပလွေ တီးမှုတ်လျက် တစည်းတလုံးတည်းဖြင့် ဂုဏ်ပြုကခုန်ပြီး စည်းလုံးညီညွတ်မှုကို ခံယူပါတယ်။
- စပါးနှံသည် လားဟူအမျိုးသားတို့ရဲ့ ဘိုးဘေးဘီဘင် ခေတ်အဆက်ဆက် အသက်မွေးဝမ်းကျောင်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို ဦးထိပ်ထားလျက် ဖွံ့ဖြိုးတိုးတက်ရေးအသွင်ကိုဆောင်ပါတယ်။
- ကြယ်နီတစ်ပွင့်ကတော့ လားဟူအမျိုးသားအားလုံး ကိုယ်စားပြုသည့် ကြယ်နီတစ်ပွင့် ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ စည်းတံဆိပ်မှာ အဝိုင်းပုံဖြစ်ပြီး ထိပ်ဆုံး၌ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဟူ၍ မြန်မာဘာသာဖြင့် ရေးသားထားပြီး အောက်ပိုင်းတွင် လားဟူဘာသာဖြင့် ရေးသားထားပါတယ်။ မြန်မာဘာသာနှင့် လားဟူဘာသာစကြား တစ်ဖက်တစ်ချက်တွင် ကြယ်တစ်ပွင့်စီ ပါရှိပါတယ်။ တံဆိပ်၏အလယ်ဗဟိုတွင် လားဟူရိုးရာယဉ်ကျေးမှု၏ အထွတ်အမြတ်ဖြစ်သော ဘူးခါးပလွေနှစ်ခုကို ကြက်ခြေခတ်ထားပြီး ကြက်ခြေခတ်ဆုံတဲ့နေရာတွင် မှည့်ဝင်းနေသော စပါးနှံတစ်နံကို ထောင်ထားပါတယ်။ စပါးနှံရဲ့ ထိပ်တွင် ကြယ်တစ်ပွင့်ပါရှိပါတယ်။ ကြက်ခြေခတ်ပုံစံဖြင့် ထောင်ထားသည့် ဘူးခါးပလွေအောက်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုကောက်ဖြစ်သော (LNDP) စာလုံးကို ရေးသားထားပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်မှာ-

- ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံတော်၏ နယ်နိမိတ်အတိုင်း နိုင်ငံတစ်ဝန်းလုံးတွင် တည်ရှိစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ခိုင်မြဲရေး၊ မြန်မာ့လွတ်လပ်ရေး အခွန်ကျည်ရေးစသည်တို့ကို ဒီမိုကရေစီကျင့်စဉ်နှင့် အညီ ကြိုးပမ်းဆောင်ရွက်သွားရန်။
- လားဟူတိုင်းရင်းသားလူမျိုးစုတို့ရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာလေထုံးတမ်းစဉ်လာ၊ အနေပညာဖွံ့ဖြိုးတိုးတက် ဆန်းသစ်ရင်သန်လာအောင် ပြုစုပျိုးထောင်သွားရန်။
- နိုင်ငံသားတိုင်း အခွင့်အရေးတန်းတူရရှိမှုနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေဒေသအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးလုပ်ငန်းတို့ကို ဆောင်ရွက်ရန်။
- တစ်မျိုးသားလုံး၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် ခေတ်အဆက်ဆက်မှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်ရှိသော လားဟူအမျိုးသားများနေထိုင်ရာဒေသ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်အောင် ဆောင်ရွက်သွားရန်။
- နိုင်ငံတော်နှင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများမှ အကျိုးရှိမည့် အတွေ့အကြုံများ၊ လုပ်နည်းလုပ်ဟန်များကို ရယူကျင့်သုံး အကောင်အထည်ဖော်သွားရန် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်တင်ပြမည် ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်များမှာ-

- ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် လားဟူအမျိုးသားများနေထိုင်ရာ ဒေသအတွင်းရှိ နယ်သူ၊ နယ်သားများအားနိုးကြားတက်ကြွသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စည်းရုံးရေးအမြင်ရှိလာစေရန်နှင့် မိမိတို့ နိုင်ငံရေးပါတီ၏ ဂုဏ်သိက္ခာ အစဉ်အမြဲတိုးတက်ရှင်သန် မြင့်မားလာစေရေးအတွက် စည်းရုံးလေ့ကျင့် ပြုစုပျိုးထောင်သွားမည်။
- တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးနှင့် နယ်မြေဒေသ၏ တိုးတက်ရေး၊ လူသားအားလုံးကို ဆင်းရဲဒုက္ခရောက်စေသော အကြမ်းဖက်စနစ်ကို ဖွန့်လွှတ်ပြီး တရားမျှတ၍ ငြိမ်းချမ်းသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဥပဒေဘောင်အတွင်း မှန်ကန်စွာဖြင့် အဖြေရှာနိုင်ရေးအတွက် စည်းရုံးသိမ်းသွင်းလုပ်ဆောင်သွားမည်။
- မိမိပါတီအနေဖြင့် ရည်ရွယ်ချက်၊ ခံယူချက်နှင့် အလွေးအခေါ်၊ အမြော်အမြင်တူညီသော မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းနှင့် မဆို တန်းတူရည်တူ ရင်းနှီးစွာ ဆက်ဆံပြီး အခါအားလျော်စွာ ပေါင်းစည်းခြင်း၊ မဟာမိတ်ဖွဲ့ခြင်း၊ ရိုင်းပင်းကူညီခြင်းများ ပြုလုပ်သွားမည်။
- မူးယစ်ထုတ်ထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး၊ ဘိန်းတို့ကို နယ်သူ၊ နယ်သားများက ဘိုးဘေးဘီဘင် အစဉ်အလာဖြင့် အမိက စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်ခဲ့သည်ကို လက်တွေ့ပရောက်သွားရေးနှင့် ဘိန်းအစား ပြည်တွင်း၊ ပြည်ပသို့ တင်ပို့နိုင်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် မြေပေါ်၊ မြေအောက် သယံဇာတပစ္စည်းများကို ရှာဖွေဖော်ထုတ်၍ အသက်မွေးဝမ်းကျောင်းတစ်ရပ်အဖြစ် လုပ်ကိုင်စားသောက်ရန် စည်းရုံးသွားမည်။ ထိုကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများကို ရှာဖွေဖော်ထုတ် ဆောင်ရွက်သွားမည်။
- လွတ်လပ်၍ တက်ကြွသော နိုင်ငံရေးဝါဒကို ကျင့်သုံးပြီး နိုင်ငံတကာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ကျင့်သုံးသွားမည်။
- လားဟူ တိုင်းရင်းသား လူမျိုးစု၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာလေထုံးတမ်းစဉ်လာ အနေပညာများကိုဖော်ထုတ်ပြီး တိုးတက်ဆန်းသစ်ရင်သန်လာအောင် ပြုစုပျိုးထောင်သွားမည်။
- အရင်းဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူသွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းအား တိုးချဲ့ပြုပြင် လုပ်ကိုင်ဆောင်ရွက်သွားမည်။ ဆင်းရဲချမ်းသာမရွေး၊ လူတိုင်း အခမဲ့ဆေးဝါးကုသမှုရရှိရေးအတွက် ဆောင်ရွက်သွားမည်။ လူတိုင်း ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်တော်တို့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို စည်းရုံးဟောပြော တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)
၂၇-၉-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နွတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော် (ဓောင်တန်းသာသနာပြု ဆရာတော်ကြီး၏ မေတ္တသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
- ၇:၃၀ ဓမ္မပုစ္ဆာတေးပဒေသာ (၃၈)တြေမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန်+သတင်း
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀:၀၀ အဖွတ်တရရတေးလက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော
- ၁၀:၃၅ တေးပဒေသာ
- ၁၀:၄၅ လယ်ယာစီးပွား (မတ်ပဲအထွက်တိုးအောင်) တေးသီချင်း
- ၁၁:၀၀ သတင်းစာတင်း
- ၁၁:၁၀ ဓလေတွက်တာ အလုကဣာ (လက်ဖေါ်အလှဦးကာ)
- ၁၁:၂၀ နေ့လယ်ခင်း တေးပဒေသာ
- ၁၁:၃၀ သိမ်ပွဲပညာ သိကောင်းစရာ (သိပ္ပံသတင်းအတွဲအထွာ)
- ၁၁:၄၀ တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
- ၁၂:၂၅ အလုပ်အကိုင် အခွင့်အလမ်း
- ၁၂:၃၀ တေးပဒေသာ
- ၁၂:၃၀ အားကစား သတင်းပဒေသာ
- ၁:၂၅ နေ့လယ်ခင်း တေးပဒေသာ
- ၁:၃၀ မွန်းလွဲပိုင်းသတင်း
- ၁:၃၀ ပညာရေးအစီအစဉ် (မှလတန်း- ဘဝတွက်တာ ကျွမ်းကျင်စရာ) တေးပဒေသာ
- ၁:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၃၀ သောတရုင်ရိုရာတေး
- ၁၇:၀၀ သမ်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (နားကိုကာကွယ်ပါ)
- ၁၇:၀၀ ဈာန်ညစ်သည် တေးပန်းချီ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ အင်္ဂလိပ်စာ သုတပဒေသာ(၂၆) ညနေခင်းတေးပဒေသာ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ တေးချစ်သူရွှေသီ တေးပန်းချီ တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ ရေဒီယိုဇာတ်လမ်းတွဲများ (ဇနီးချောများကွန်ရက်- ဒုတိယပိုင်း) တေးပဒေသာ
- ၁၉:၄၀ ရွှင်လန်းစေချင်သောတရုင် (ဝက်သားစားလေး) နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၁၅ နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
- ၂၀:၃၀ ချစ်မြေသာယာ သီရိဂေဟာ (တေးသံရှင် ဖိုမိုနဲ့ ဖြိုးစော်ဦးတို့ ဇနီးဓော်နံ)
- ၂၀:၃၀ တေးပဒေသာ
- ၂၀:၄၀ စီးပွားရေးဦးတည်ချက်
- ၂၁:၀၀ သီချင်းကြီး
- ၂၁:၀၀ ရေးရေးဦးတည်ချက်
- ၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၅

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးယန်ကျင်ကန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ (၂၅)ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

လွှာသမိုင်းသည် အခြေအနေနှင့် အချိန်အခါ အရပ်ရပ်ပေါ် တည်မှီ၍ ဖြစ်ပျက်ပြောင်းလဲတတ်သည့် သဘောအရ မြန်မာ့သမိုင်းဖြစ်ခဲ့သည်လည်း ၁၉၈၈ ခုနှစ်တွင် ပါတီနဲ့ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးရန် လမ်းမှင် ပေးခဲ့သည်။

ထိုကြောင့် ကိုးကန့်တိုင်းရင်းသားအများစု၏ ဆန္ဒသဘောထားဖြင့် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကို ဖွဲ့စည်းပြီး ပါတီစုံအထွေထွေရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားပြီး တရားဝင်ပါတီအဖြစ် ရပ်တည်ခဲ့သည်။

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလိုအပ်ချက်အရ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြင်ဆင်ပြီး အသစ်ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရန် တရားဝင် ရပ်တည်ခွင့်ရှိသည့်ပါတီများနှင့် အလွှာစုံမှ ကိုယ်စားလှယ်များအား အမျိုးသား ညီလာခံကြီးသို့ ဖိတ်ကြားတက်ရောက်စေပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြု ပြဋ္ဌာန်းရေးတွင်လည်း ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေး ပါတီမှ တက်ကြွစွာပါဝင်ခဲ့ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးကို ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ အမျိုးသားနိုင်ငံရေး ရည်မှန်းချက် အဖြစ် ထားရှိခဲ့ပါသည်။

ပါတီ၏ရည်မှန်းချက်များမှာ-

(၁) ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာရေး

(၂) ပြည်ထောင်စုကြီးမပြိုကွဲရေး

(၃) ပြည်ထောင်စုဖြန့်မာနိုင်ငံတော်ကြီး၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့နိုင်မြဲရေး

(၄) ပြည်ထောင်စုဖြန့်မာနိုင်ငံတော်အတွင်း ဗိုလ်တင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး ဥမက္ခ၊ သိုက်မယ္ယက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်အခြေခံဥပဒေပြဋ္ဌာန်းချက်ပါ ရသင့်ရထိုက်သည့် အခွင့်အရေးများ တန်းတူရည်တူရရှိရေး

(၅) မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် ဈေးကွက်စီးပွားရေး စနစ်ကို တည်ဆောက်ရေးတို့ပင်ဖြစ်သည်။

ကိုးကန့်တိုင်းရင်းသားများသည် နိုင်ငံတော်၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ လွတ်လပ်ရေးကြေးပစ်မှီးသမိုင်းနှင့် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု မျက်မှောက်ခေတ်သမိုင်းတွင်လည်း နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို တတ်စွမ်းသရွေ့ ပါဝင်ခဲ့သည့်နည်းတူ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီသည်လည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး ကိုးကန့်တိုင်းရင်းသားများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူတစ်ရပ်လုံး၏ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို ကျရောကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းရွက်သွားမည်ဖြစ်သည်။

ပါတီ၏ လုပ်ငန်းစဉ်များမှာ -

(၁) နိုင်ငံတော်ကြီး သာယာဝပြောရေး ခေတ်မီတိုးတက်အောင် ဆောင်ရွက်ရေး၊

(၂) ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှု ရရှိစေပြီး တိုင်းရင်းသားပြည်သူများ ဥပဒေသောင်အတွင်း၌ အေးချမ်းဖျော်ရွှင်သောဘဝ တည်ဆောက်နိုင်ရေး၊

(၃) စိုက်ပျိုးရေးကိုအခြေခံ၍ ကုန်ထုတ်စက်မှုလက်မှုလုပ်ငန်းများ ခေတ်မီတိုးတက်လာအောင် ဆောင်ရွက်ရေး၊

(၄) နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိမည့် ဈေးကွက်စီးပွားရေးစနစ် ဝိပြင်စွာဖော်ဆောင်နိုင်ရေး၊

(၅) ပြည်သူတစ်ရပ်လုံး အခြေခံပညာသင်ကြားခွင့် ရရှိရေးနှင့် ဆေးကုသခွင့် ရရှိစေရေးအတွက် ဆောင်ရွက်ရေး၊

(၆) တိုင်းရင်းသား ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင်စေရေးတို့ကို ဆောင်ရွက်ရေးတို့ပင် ဖြစ်သည်။

ကျွမ်းလျစ်စိုစွတ်ပြီး စည်းကမ်းရှိသော ပါတီတစ်ရပ်ဖြစ်ရေးအတွက် အောက်ပါစည်းကမ်းချက်များကို ချမှတ်ထားရှိသည်-

(၁) ပါတီ၏ ဦးဆောင်မှုကို ခံယူ၍ ဆုံးဖြတ်ချက်ကို လိုက်နာရမည်။ ပါတီမှ ပေးအပ်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်။

(၂) ပါတီဝင်များသည် နိုင်ငံတော်၏ တည်ဆဲဥပဒေကို လေးစားလိုက်နာရမည်။

(၃) ပါတီဝင်များသည် တစ်ကိုယ်ကောင်း မဆန်ရ၊ စုပေါင်း ကြံစည်ခြင်း၊ စုပေါင်း လုပ်ဆောင်ခြင်း၊ စုပေါင်း ဆုံးဖြတ်သော စိတ်ဓာတ်ရှိရမည်။

(၄) ပါတီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် အပြုအမူ အပြောအဆိုမျိုး မရှိစေရ။

(၅) ပါတီ၏အမည်ကို အသုံးချ၍ မဟုတ်မမှန် သတင်း ဖြန့်ခြင်း၊ လိမ်လည်ခြင်း၊ ပြည်သူလူထုတို့အား ဖိနှိပ်အနိုင်ကျင့်ခြင်းမျိုး မပြုလုပ်ရ။

(၆) ပါတီအမည်ကို အသုံးချ၍ မိမိကိုယ်ကျိုးစီးပွားရှာခြင်း မပြုရ။

(၇) ပါတီဝင်တိုင်း ပါတီကြေးပေးဆောင်ရမည်။

(၈) ပါတီစည်းကမ်း ချိုးဖောက်သူသည် ပါတီမှ ထုတ်ပယ်ခြင်းခံရမည်။ (သို့မဟုတ်) အပြစ်ပေးခြင်းခံရမည်။

(၉) နိုင်ငံတော် တည်ဆဲဥပဒေအား ကျူးလွန်သူများသည် နိုင်ငံတော် ဥပဒေအရ အရေးယူခြင်းခံရမည့်အပြင် ပါတီစည်းကမ်းအရလည်း အရေးယူခြင်းခံရမည်။

(၁၀) ပါတီဝင်တစ်ဦးသည် ပါတီမှ နုတ်ထွက်လိုလျှင် တရားဝင် လျှောက်ထားနိုင်သည်။ ပါတီမှ နုတ်ထွက်ခွင့်ပြုလျှင် နုတ်ထွက်နိုင်သည်။ သို့သော် နုတ်ထွက်ရခြင်းအကြောင်းရင်းကို လေ့လာပြီး မနုတ်ထွက်ရန် တတ်အားသမျှ စည်းရုံးရမည်။

(၁၁) ပါတီ၏စည်းမျဉ်းစည်းကမ်းသည် ပါတီကိယ်စားလှယ်ညီလာခံမှ အတည်ပြု၍ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ စိစစ်မှု ပြုလုပ်ပြီးမှ အတည်ပြုရန်ဖြစ်သည်။

အထက်ဖော်ပြချက်များသည် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဝါဒသဘောထားနှင့် ပါတီ၏လုပ်ငန်းစဉ်ဖြစ်ကြောင်း မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလုပ်သားပြည်သူတစ်ရပ်လုံးအား တင်ပြရင်း ပြည်သူတစ်ရပ်လုံးမှ မျှော်လင့်တောင့်တသည့် အေးချမ်းသာယာပြီး ပြည်သူတစ်ရပ်လုံး၏ လူမှုဘဝ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် ဘက်စုံမှ ရေရှည်အကျိုးပြုနိုင်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတစ်ရပ် ပေါ်ထွန်း ပါစေကြောင်း ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါသည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂۹-၉-၂၀၁၀ (တနင်္ဂနေ့)

နံနက်ပိုင်း

- ၅၃၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မရိတ်နိုဒါန်း၊ မင်္ဂလာသုတ်
- ၅၄၂၀ MRTV-4 သတင်း
- ၅၅၀ **နောင်ခွဲ့မမြင်သံယောဇဉ်** တရားတော် (ဆရာတော်မမွေ့တ ဒေါက်တာအရှင်ပညာသရ)
- ၆၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေကဝက်ပါ**(အပိုင်း-၂၅)
- ၇၃၀ MRTV-4 သတင်း
- ၈၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၁၁၉)
- ၈၄၀ ဒါနရှင်ရေးပေါင်းစုသော အလိုတော်ပြည့် ဝါဆိုသက်နီး နှင့်ဆွမ်းဆန်ဆမ်းအလှူတော်
- ၉၃၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ဥတုရယ်သမက်**
- ၉၃၀ Activities in the City (မြောက်ဗမာပြည်- ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်ပရဟိတ ဂေဟာနှစ်ပတ်လည်နှင့် ပညာရည်ချမ်းဆုပေးပွဲ)
- ၉၄၀ Sunday Talk ကိုကို(စက်မှတက္ကသိုလ်)၊ ချိုးမြတ်သူ
- ၁၀၁၀ My Night, My Dream and Tri-C
- ၁၀၂၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကကာ ချစ်တဲ့ကာလပေါ်ကေားအရသာ (စနေရောတင်ဝင်းလှိုင်၊ အောမိုးတင်တင်လှ)
- ၁၀၃၀ ဗီဒီယိုပြခန်း
- ၁၁၀၀ ရွေးဝယ်လမ်းညွှန် (Emerald Fash)
- ၁၁၂၅ ရွှေးရန့်ဘို့ဖြင့် ထုံမွမ်းအပ်သော
- ၁၁၃၀ ရွှမ်းရည်ထက်မြက် မြန်မာ့မျက်လုည်
- ၁၂၀၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ချိုးထက်)
- ၁၂၄၀ ရန်ကုန်မြင်ကွင်းကျယ် (NELC ကျောင်းဆင်းပွဲ)
- ၁၃၀ **နောင်ခွဲ့မမြင်သံယောဇဉ်** တရားတော် (ဆရာတော်မမွေ့တ ဒေါက်တာအရှင်ပညာသရ)
- ၂၂၀ MRTV-4 သတင်း
- ၂၂၄၀ စကားနမ်း (ဦးနေဘက်ရဲ့ဆုံးဖြတ်တာ ကောင်းတယ်၊ နှလုံးသားနဲ့ဆုံးဖြတ်တာ ကောင်းတယ်)
- ၃၃၀ Fashion Euphoria ရဲ့ 2010-2011 ဒီဇိုင်းသစ်များ မိတ်ဆက်ခြင်း
- ၄၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၁၁၉)
- ၄၄၅ ဒါနရှင်ရေးပေါင်းစုသော အလိုတော်ပြည့် ဝါဆိုသက်နီး နှင့်ဆွမ်းဆန်ဆမ်းအလှူတော်
- ၅၂၀ FMF Selection
- ၅၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆၃၀ MRTV-4 သတင်း
- ၆၄၀ Global Panorama (ဦးကိုကိုလှိုင်၊ ချိုးမြတ်သူ)
- ၆၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေကဝက်ပါ**(အပိုင်း-၂၆)
- ၇၃၀ သွားမယ်စားမယ် (GOLDEN SEA FOOD)
- ၇၄၅ ရန်ကုန်မြင်ကွင်းကျယ် (NELC ကျောင်းဆင်းပွဲ)
- ၈၃၀ MRTV-4 သတင်း - နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈၄၀ မြန်မာနိုင်ငံရေးကြောင်းပညာ ဘဏ္ဍာသိုလ်အကြောင်း သိကောင်းစရာ (ဒေါက်တာချာလီသန်း၊ ဓောင်ကြင်နာ၊ ထွန်းနေမိုး)
- ၉၃၀ Barclays Premier League **Newcastle Vs Stoke City**
- ၁၁၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၁၂၀)
- ၁၂၀၅ My Night, My Dream and Tri-C
- ၁၂၁၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ဥတုရယ်သမက်**
- ၁၂၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကကာ ချစ်တဲ့ကာလပေါ်ကေားအရသာ (စနေရောတင်ဝင်းလှိုင်၊ အောမိုးတင်တင်လှ)
- ၁၃၀၅ ပန်းချီပြခန်း (Three Artists Show)
- ၁၃၁၅ Talent Show (စနေရောနွမ်းဈေးညတင်ကြယ်)
- ၁၃၃၅ ကမ္ဘာ့နုလုံးများနေ့ ဆွေးနွေးခန်း (ဒေါက်တာခေါမောင်လွင်၊ ဒေါက်တာတင်လတ)
- ၂၂၀၀ ဘဝများ (ရန်ရန်ချန်း)
- ၂၂၃၀ ပန်းတော်ဖြို့မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
- ၂၄၅၀ သီးနှစ်ကိန်းမြိုးအထွက်တိုး ပေါ်ပေါက်ပေါ်
- ၃၃၀ တိရစ္ဆာန်လေးတွေမြေးကြမယ် (Golden Gold Kennel)
- ၃၃၂၀ Shooting Location (ဇီဝေါ(ခ))
- ၃၃၄၀ **မီဝီတခါနေသူးဘျုဗို့ သွေးအားပြည့်ဆောင်ရေးကြစို့** ၄ုက်ယျောကြော်၊ ချစ်သုဝေ၊ မိုးယစ်၊ မီးမီးသမ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
- ၃၃၅၀ Korea ရိုးရာ (Cultures)
- ၄၃၀ မြန်မာရဲ့အလှအမှတ်တရ (ဇမ္ဗူရစ်အမှတ်တရရုပ်ပွညီးဆိုင်)
- ၄၃၃၀ ရွှေးရန့်ဘို့ဖြင့် ထုံမွမ်းအပ်သော
- ၄၄၄၅ Activities in the City (မြောက်ဗမာပြည်- ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်ပရဟိတ ဂေဟာနှစ်ပတ်လည်နှင့် ပညာရည်ချမ်းဆုပေးပွဲ)
- ၅၃ ၀၀ အစ်အင်ဦးတော်။

MRTV-4 အစီအစဉ်-ကို ရန်ကုန်ပြို့နှင့် အနီးတစ်ဝိုက်တွင် ရိုရိုး VHF တီဗီအင်တာနာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးပြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗီအင်တာနာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇၃၂၅	Bolton-Man U	ESPN (Live)
၇၃၃၀	Wolverhampton- Aston Villa	ESPN (Live)
၉၃၃၀	Newcastle - Stoke City	ESPN (Live)

မြဝတီရုပ်မြင်သံကြား

၂۹-၉-၂၀၁၀ (တနင်္ဂနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ လယ်တီဆရာတော်ကြီး၏ ထေရမှတ္တိ **ကမ္ဘာမှာ ဓက်မြည်လင်းစေမို့**
- ၇:၁၀ ၄။ မမွေ့ဇာတေား
- ၇:၂၀ ၅။ ချိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း- ရောင်စုံမှတ်တမ်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိန်းတင်
- ၇:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေား
- ၇:၅၅ ၉။ အချိုးသားရေးတေားကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အချိုးသားရေးတေားကဗျာ **ဇေလယ်ပိုင်း**
- ၁:၁၀ ၁။ မြဝတီအဖွင့်
- ၁:၁၀၅ ၂။ အဖွင့်သီချင်း
- ၁:၁၀ ၃။ ချိုးချစ်တပ်မတော်
- ၁:၁၂ ၄။ ကာတွန်းအစီအစဉ် **အမြွှာစံတောက်** (အပိုင်း-၄၂)
- ၁:၃၀ ၅။ ရသစုလင်ရုပ်မြင်ဇာတ်လမ်း **ဖျူဝေခ်စား ချစ်ခြင်းများ**
- ၁:၂၀ ၆။ ကျန်းမာသုတ
- ၁:၄၀ ၇။ ရသစုလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၇၄)
- ၈။ မြန်မာနိုင်ငံ ရိုဘပ်ဖွဲ့ရေ. ဂုဏ်ပြအစီအစဉ် **မမြြေပေမယ့် ကြားနေရတယ်**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုးချစ်တပ်မတော်
- ၄:၂၅ ၄။ မြတ်နိုးကြစေ အချိုးသားအမွေ
- ၄:၃၅ ၅။ မြန်မာသံစဉ်ချိန်းတင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေား
- ၄:၅၅ ၇။ သံစဉ်များနှင့်ကဗျာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အချိုးသားရေးတေားကဗျာ
- ၆:၃၀ ၁၀။ ဘာကြေးနုံ **ရွှေးမနစ်ယောက်** ဆောင်ခိုင်၊ ဝါဝါအောင်၊ ဝါဝါလွင်၊ မိုးထက်ပိုင်၊ ရန်နိုင်၊ ဓေဟသီး၊ အေးချမ်းမိုး၊ [ဘဲရိုက်တာ-ဆဲဝင်း(ဆိုင်စီ)]
- ၆:၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာစံချိန်တင် ဖြိုင်ပွဲများ
- ၇:၀၀ ၁၂။ ရသစုလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၁၀)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မီးလေသသတင်း
- ၁၆။ အချိုးသားရေးတေားကဗျာ
- ၁၇။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေားလက်ဆောင်
- ၂၀။ ရသစုလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင်** (အပိုင်း-၁၀)
- ၂၁။ ရသစုလင်ရုပ်မြင်ဇာတ်လမ်း **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၂၉)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဧနီး ဒေါ်ခင်စောနင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယုဲတာပိုနှင့် ဧနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

* ကျေးဇူးမှု

ခင်းကျင်းပြသထားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံ ရှင်းလင်းပြသသည်။ ယင်းနောက် ဧည့်ခံပွဲကို ကျင်းပရာ ရေးဦးစွာ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယုဲတာပိုက ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားသည်။

အထိမ်းအမှတ်

ဆက်လက်၍ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဧနီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယုဲတာပိုနှင့် ဧနီးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်မုန့်ကို လိုးဖြတ်ပေးကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဧနီးနှင့် တက်ရောက်လာကြသူများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း
မောင်တောမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း မောင်တော-အင့်မော်လမ်းပိုင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၃ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် ဆော်ပတက်ကျေးရွာ၌ မိုးစပါးနိုက်ပျိုးထားရှိမှုနှင့် ငါးပုစွန်ကုန်စည်ခိုင် ချိန်တွယ်ရေးစခန်း အမှတ် (၃) အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မြင်းလွတ်ကျေးရွာ၌ နယ်မြေခံဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျေးရွာချင်းဆက်လမ်းပိုင်းအခြေအနေများ၊ မိုးစပါးနိုက်ပျိုးထားရှိမှုနှင့် ငါးပုစွန်များ မွေးမြူထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ပြီး အလယ်သံကျော်အယန်းမြေကမ်းခြေခနဲးကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလယ်သံကျော်တိုက်နယ်ဆေရံ၌ ဆေရံတက်လုနမှာများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်းသည် မောင်တော- အင့်မော်လမ်းပိုင်းအခြေအနေများနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု၊ မောင်တော- ဘူးသီးတောင်လမ်းပိုင်းအခြေအနေ၊ မောင်တော-ကျီးကန်းပြင်လမ်းပိုင်း အခြေအနေနှင့် မိုးစပါး စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဘူးသီးတောင်တပ်နယ် ခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ဗိုလ်ချုပ်လှမင်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မိုးသိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၄ရက်တွင် မောင်တောမြို့နယ် အောင်သမြေကျေးရွာသို့သွားရောက်ပြီး ကျေးရွာနယ်မြေ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ချီးမြှင့်ပေး

ထို့နောက် ဗိုလ်ချုပ်လှမင်းသည် နယ်မြေခံဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ပန်ထမ်းများနှင့် မိသားစုဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်လှမင်းသည် မြောက်ပီးမြို့နှင်းခမ်းမြို့နယ်တို့၏ မြို့တွင်းလမ်းများကောင်းမွန်မှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမ်းတပ်နယ် အမ်းတောင်ခန်းမ၌ အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များအားတွေ့ဆုံ၍ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပရင်တာထုတ်ကုန်သစ်များ ဈေးကွက်၌ မိတ်ဆက်

ရန်ကုန် စက်တင်ဘာ ၂၅

ကမ္ဘာ့ဒစ်ဂျစ်တယ်ပုံထုတ်လုပ်မှုနှင့် ပရင်တာလုပ်ငန်းရှေ့ဆောင် Epson သည် အိမ်သုံးသာမက ရုံးသုံး၊ လုပ်ငန်းသုံးအဖြစ် ရည်ရွယ်ထားသော ပရင်တာထုတ်ကုန်သစ်များ၊ စကင်နာများအား မြန်မာနိုင်ငံ အိုင်တီဈေးကွက်၌ စတင်မိတ်ဆက်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၄ရက် ညနေပိုင်းက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ် မဂီလာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် Client Focus Technology Co., Ltd.မှ ဒါရိုက်တာ ဦးအောင်ကျော်မိုးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Epson (Thailand) Co., Ltd. ၏ Marketing Communication Department မှ Senior Supervisor Mr. Jarun Artsavarungnirand က Epson Corporate Profile အကြောင်း အသေးစိတ်တင်ပြသည်။ ထို့နောက် Client Focus မှ Sale Manager ဦးမိုးအောင်ဇော်က မြန်မာနိုင်ငံ ဈေးကွက် အတွက် Epson မှ အသစ်ထုတ်လုပ်လိုက်သော အိမ်သုံးနှင့် တစ်ကိုယ်ရေသုံး ဈေးကွက်အတွက် ပရင်တာအသစ် လေးမျိုး၊ စကင်နာနှစ်မျိုး၊ စီးပွားရေးနှင့် လုပ်ငန်းသုံးအတွက် ပရင်တာ နှစ်မျိုးတို့နှင့် ပတ်သက်၍ ရောင်နုံ့ဆလိုက်များ၊ နမူနာပစ္စည်းများဖြင့် လက်တွေ့ အသုံးပြုပြီး အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်စပ်ပေးနိုင်

ယနေ့ အခမ်းအနားတွင် မိတ်ဆက်တင်ပြသော ပရင်တာများအနက် အိမ်သုံး ဈေးကွက်အတွက် ထုတ်လုပ်ထားသော Epson Stylus™ T13, Epson Stylus™ TX 121,Epson Stylus™ T220ပရင်တာများသည် တစ်ကိုယ်ရေနှင့် အိမ်သုံးကွန်ပျူတာအသုံးပြုသူများအတွက် လိုအပ်ချက်များကို အပြည့်အဝ ပေးနိုင်မိုးနိုင်သည်။ Epson Perfection™ V33 နှင့် Epson Perfection™ V330 Photo Scanner များကလည်း စာရွက်စာတမ်းများ၊ ဓာတ်ပုံများကူးယူသိမ်းဆည်းရန်အတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်သည်။ အထူးသဖြင့် V330 Photo Scanner သည် အရွယ်အစားကြီးမားသော စာရွက်စာတမ်းများကို တစ်ပိုင်းစီ ကူးယူ ဆက်စပ်ပေးနိုင်သည်။

Epson ပရင်တာအပါအဝင် Epson ထုတ်ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချစွာ အသုံးပြုနေကြသူများအတွက် လိုအပ်သော ဝန်ဆောင်မှုများကို ပိုမိုထိရောက်စွာ ပေးနိုင်ရန်အတွက် Showroom အသစ်နှင့် ဝန်ဆောင်မှုစင်တာ (Solution Centre) ကိုလည်း Client Focus Technology Co., Ltd. အမှတ် (၂၅) (၂၆) ဘုရင့်နောင်လမ်း လှိုင်မြို့နယ်တွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ အသေးစိတ် သိလိုပါက ဖုန်း -၅၂၃၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် အထယ်တန်းဆင်ကျင်နီယာ(၂) ဒေါ်တင်ယုကျော်နှင့်အဖွဲ့ မြို့အတင် လမ်းဘေးရှိ ပန်းအလှပင်များနှင့် ပန်းခုံများ ပြုပြင်မွမ်းမံနေမှုကို စက်တင်ဘာ ၁၅ရက်က အင်ဂျင်နီယာမှူး ဦးဝင်းမြင့်နှင့် အမှုဆောင်အရာရှိ ဦးပြည်မိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရန်နေ့

လစဉ် လ၏၃တိယပတ် (တနင်္ဂနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရန်ဖြစ်သည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလအတွက်

နောက်ဆုံးပတ်(တနင်္ဂနေ့)

(၂၆-၉-၂၀၁၀) ရက်နေ့

၂၀၁၀ ခုနှစ် အောက်တိုဘာလအတွက်

(၁၀-၁၀-၂၀၁၀) ရက်နေ့

နှင့်

(၃၁-၁၀-၂၀၁၀) ရက်နေ့

မီးဘေး ကြိုတင်ကာကွယ်ရေး

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး သရက်ချောင်းမြို့ မြို့မရေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၂၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုး နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးအောင်သူတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေးကုမ္ပဏီလီမိတက် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးသည် ယနေ့နံနက် ၉နာရီ ၅၄မိနစ်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွှေပြည်သာ စက်မှုနန်း (၄) စက်ဆရာ ဦးထွန်းလမ်းရှိ ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက်၌ ကျင်းပသည့် ရမ္မာမော်တော်ယာဉ်ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက် မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို နံသာရည်ဖြင့် ဖက်ဖျန်းပေးသည်။

တက်ရောက်

ဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဧမော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒီတီကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို စက်ရုံရှေ့၌ ကျင်းပရာ မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ ဒုတိယ ဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း)နှင့် Myanmar Force Industry & Manufacturing Co., Ltd. ဥက္ကဋ္ဌ ဦးနိုင်မျိုးဝင်းတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက စက်ရုံဆိုင်းဘုတ်ကို နံသာရည်ဖြင့် ဖက်ဖျန်းပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဧမော်ဦး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တပ်တော်အရာရှိကြီးများ၊ တာဝန်ရှိသူများက စက်ရုံဆိုင်းဘုတ်ကို နံသာရည်ဖြင့် ဝက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ စက်ရုံရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း၌ စက်ယန္တရားများဖြင့် မော်တော်ယာဉ် ပစ္စည်းများ၊ အစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ မော်တော်ယာဉ် ကိုယ်ထည်တွဲဆက်ခြင်းနှင့် ကြေးချွတ်မှုလုပ်ငန်းအဆင့်ဆင့်၊ မော်တော်ယာဉ်အေးမှတ်ခြင်းနှင့် အရောင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မော်တော်ယာဉ်စက်ပစ္စည်းများ တပ်ဆင်နေမှု၊ ထုတ်လုပ်ပြီး မော်တော်ယာဉ်များ အား အရှိန်စမ်းသပ်ခြင်း၊ ဘရိတ်၊ ရွေ့မီးကြိုးနှင့် အလိုင်းမင့်စမ်းသပ်မှု၊ မော်တော်ယာဉ် ရေလုံ၊ မလုံစမ်းသပ်စစ်ဆေးမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် စက်ရုံခန်းမ၌ ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးနိုင်မျိုးဝင်းက စက်ရုံ၏ မော်တော်ယာဉ် ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထုတ်လုပ်နိုင်

အဆိုပါစက်ရုံ၏ အကျယ်အဝန်းမှာ ဧရိယာ ၄ ဒသမ ၀၀၄ကျိုးပြီး စက်ရုံမှ Royal Chariot Micro Bus (Grade I)၊ Super Chariot Micro Bus (Grade II) နှင့် Limited Chariot Micro Bus (Grade III)အမျိုးအစား သုံးမျိုးကို ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေး ကုမ္ပဏီလီမိတက်က နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ထားပြီး လက်ရှိတပ်ဆင်ထားသည့် စက်ပစ္စည်း များ၏ စက်ခွမ်းအားအရ စွမ်းအားပြည့် လည်ပတ်ပါက အလုပ်ချိန် ရုက်နာရီလျှင် မော်တော်ယာဉ် ၁၆စီး ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရောင်းချရေးကုမ္ပဏီလီမိတက် မော်တော်ယာဉ် ထုတ်လုပ်ရေး စက်ရုံ အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးဆက်လက်လျော့နည်းနိုင်

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဓနုဝေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရေဝေတီတိုင်း ဒေသကြီးတို့တွင် နေရာစိမ်စိမ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲသည်။

ဘဂီလားပင်လယ်အော်အခြေအနေမှာ ဘဂီလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကမ္ဘလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၂၆ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိမ်စိမ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့၌ နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက် လျော့နည်းနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား

၂၆-၉-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖွံ့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ **အောင်တော်မူ** စောမင်းနောင်၊ နိုင်းညီမင်း (တေးရေး- ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ ယဉ်ကျေးလမ်းမှာ (၃စ)ဖြာမင်္ဂလာ
- ၈း၁၅ ၇။ လာအတူသွားကြစို့
- ၈း၃၀ ၈။ အတီးပြိုင်ပွဲ
- ၈း၄၀ ၉။ International News
- ၈း၅၅၀။ တေးဂီတအစီအစဉ်
- ၉း၀၀၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၀၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁း၃၀ ၄။ နိုင်ငံခြားဆာဂလမ်းတွဲ **ပေပယ်သောချစ်ခြင်း မန္တမီးသောမေတ္တာ** (အပိုင်း-၄၆)
- ၁၂း၂၀ ၅။ Golf Magazine(TV)
- ၁၂း၄၀ ၆။ **မယ်ကေမယ်ကြားနေရာတယ်** ကောင်းခန့်ရေမင်း၊မိုးယဉ်ခန့်၊ ကျော်ထက်ဝေါင်ဆော်လင်းမောင်၊ သက်ဖွန်မြင့်၊ချောရလှမာ၊ စံပယ်မိုး ဒါရိုက်တာ-ကိုဆော (အရုဏ်ညီး)
- ၁၄း၁၀ ၇။ ရှမ်မြင့်ရာသေးစုကဏ္ဍာ
- ၁၄း၃၀ ၈။ အကျပြိုင်ပွဲ
- ၁၄း၄၀ ၉။ International News
- ၁၄း၄၅၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၅း၀၀၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ AFC President's Cup 2010 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒိုလ်လုပ္ပ) (**Yadanarbon MYA** အသင်းနှင့် **Dordol Bishkek KG** အသင်း)
- ၅း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၅း၂၀ ၃။ အရေးသင်ကဗျာသိုလ်ပညာရေးရပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရွေဘေးအထူးပြု) (ရွေဘေး)
- ၅း၃၅ ၄။ ဖျိုးချစ်မိတ်ဆွေရင်သန်းထက်မြက်ရေးတေးများ
- ၅း၄၀ ၅။ ကိုစိန်နှင့် ကိုယ်ခံဆောင်မိခင်
- ၅း၅၀ ၆။ တေးဂီတအစီအစဉ်
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ ကာတွန်းအစီအစဉ် Bugs' Adventures (အပိုင်း-၃၀)
- ၆း၄၀၁။ တစ်မျက်နှာတစ်ကွက်စာ **စကားပိုင်းလေးဒွဲ့ပါ၇စေ** လေပြေ၊ အိမ်ဖွားငယ်၊ ခေါင်ခင်ကြီး၊ (ဒါရိုက်တာ-မောတင်-MMG)
- ၇း၀၀၁။ နိုင်ငံခြားဆာဂလမ်းတွဲ **အတိတ်ရဲ့ပဲရိပ်** (အပိုင်း-၁၈)
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
  - ၁၃။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
  - ၁၄။ နိုင်ငံတကာသတင်းများ
  - ၁၅။ မိုးလေဝသအခြေအနေ
  - ၁၆။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၆၁)
  - ၁၇။ နိုင်ငံခြားဆာဂလမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၂၂)

သမိုင်းအလှည့်အပြောင်းကာလ၌ အတိတ်ကောင်း နိမိတ်ကောင်းတို့ကို ဆောင်ကြဉ်းလာသည့် ပဋ္ဌမမြောက် ဆင်ဖြူတော်ရတနာ

မြတ်ဘုန်းလှ

ကျွန်တော်တို့နိုင်ငံအတွက် နှစ်ထောင်အားရ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ပဋ္ဌမမြောက် ဆင်ဖြူတော်ရတနာတစ်စီး ထပ်မံပေါ်ပေါက်လာခဲ့ပြန်ပါပြီ။ တည်ဆဲအဖိုးရလက်ထက်မှာ အခုလို ဆင်ဖြူတော်ရတနာတွေ ထူးထူးခြားခြား ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့တာဟာ ကျွန်တော်တို့ နိုင်ငံနဲ့ ပြည်သူအတွက် တကယ့်ကို အတိတ်ကောင်း နိမိတ်ကောင်းတွေ ပေါ်ထွန်းလာတာပါပဲ။

ရှေးဟောင်းကျမ်းဂန်ပေစာများအရ ဆင်ဖြူတော်ဆိုတာ ဆင် (၁၀၀၀)မှာ တစ်ကောင်တွေ့ရဖို့ မလွယ်ကူပါဘူး။ ဒါပေမယ် ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ၂၀၀၁ခုနှစ်ကနေ ၂၀၁၀ပြည့်နှစ်အထိ ဆယ်စုနှစ်တစ်စုကာလအတွင်း ဆင်ဖြူတော်ရတနာ (၅)စီးအထိ တိုးတက်ပိုင်ဆိုင်နိုင်ခဲ့တာဟာ အင်မတန်ထူးခြားအဲ့ဩဖို့ ကောင်းလှပါတယ်။ ယခင်က ဆင်ဖြူတော်ရတနာလေးစီး ပေါ်ထွန်းခဲ့ပြီး ယခုနောက်ထပ် ပဋ္ဌမမြောက်ဆင်ဖြူတော်ရတနာကို ရခိုင်ပြည်နယ် မောင်တောမြို့နယ်ထဲက ထပ်မံရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆင်ဖြူတော်ဟာ အသက် (၁၈)နှစ်ခန့်ရှိပြီး အရပ်အမြင့် ၇မေ ၁လက်မ၊ လုံးပတ် ၁၀မေ ၃လက်မရှိကြောင်း သိရပါတယ်။ ဒါ့အပြင် ယခု ဆင်ဖြူတော်ဟာ ဆင်ဖြူတော်ရတနာရဲ့ ကြန့်အင်လက္ခဏာများနဲ့ အထူးပြည့်စုံကြောင်း ကြားသိရတဲ့အတွက် တစ်နိုင်ငံလုံး ရွှင်လန်းအားရ ဂုဏ်ယူဝမ်းမြောက်နေကြတာ အမှန်ပါပဲ။

တကယ်တော့ ဆင်ဖြူတော်ကို အရေးတယူ အလေးမူ မြတ်နိုးတန်ဖိုးထားခဲ့တာဟာ အခုမှမဟုတ်ပါဘူး။ ရှေးဟောင်းသာသနာဝင်ကျမ်းများမှာကိုပဲ ဆင်ဖြူတော်ကို ရတနာအဖြစ် တန်ဖိုးထားသတ်မှတ်ခဲ့တာ တွေ့နိုင်ပါတယ်။ ဒီယနိကာယမဟာဝဂ္ဂပါဠိတော် မဟာသုဒဿနသုတ်တော်မှာ မဟာသုဒဿန စကြာမင်းပိုင်ဆိုင်ခဲ့တဲ့ ရတနာ (၇)ပါးမှာ ဆင်ရတနာဟာလည်း တစ်ပါးအပါအဝင် ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များမှာလည်း ဆင်ဖြူတော်ကို တန်ဖိုးထား မှတ်တမ်းတင်ခဲ့တာ တွေ့နိုင်ပါတယ်။ အထူးထင်ရှားတဲ့သာဓကကတော့ ငါးရှင်းဆယ်နိပါတ်တော်လာ ဆဒ္ဒန္တဆင်မင်းဇာတ်ပဲ ဖြစ်ပါတယ်။ အဲဒီဇာတ်မှာ ဆဒ္ဒန္တဆင်မင်းကို ဆင်ဖြူတော်အသွင်နဲ့ မြတ်နိုးလေးစား တန်ဖိုးထားဖွယ်သရဝပ်ဖော်ခဲ့တာကို တွေ့နိုင်ပါတယ်။

အလားတူ ဇာတ်ကြီးဆယ်ဘွဲ့ဟဲ့ ဝေသန္တရာဇာတ်မှာလည်း အလှူအတန်း အပေးအကမ်းရက်ရောတဲ့ ဝေသန္တရာမင်းကြီးဟာ ဒါနပါရမီရင့်သန်လွန်းတဲ့အတွက် နိုင်ငံနဲ့ပြည်သူရဲ့ အမွန်အမြတ် ရတနာတစ်ပါးဖြစ်တဲ့ ဆင်ဖြူတော်ကို ကလင်္ဂရာဇဓိတိုင်းကို လှူဒါန်းလိုက်ပါတယ်။ အဲဒီလိုလှူဒါန်းလိုက်တဲ့ ဆင်ဖြူတော်ရတနာ ကလင်္ဂရာဇဓိတိုင်းကို ရောက်လျှင် ရောက်ချင်း ဆင်ဖြူတော်ရဲ့ တန်ခိုးအာနုဘော်ကြောင့် နှစ်ပေါင်းများစွာ မိုးခေါင်နေရာကနေ မိုးများ ကောင်းစွာရွာသွန်းခြင်း၊ စိုက်ရေးလျိုးတာ အောင်မြင်ပြီး တိုင်းပြည်စည်ပင်သာယာပြောလာခြင်း၊ တိုင်းသူပြည်သားတို့ အေးချမ်းမျော်ရှင်ပြီး အကျင့်သီလနဲ့ ပြည့်စုံခြင်းစတဲ့ အကျိုးကျေးဇူးတွေ လက်ငင်းခံစားလာရကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။

နောက်တစ်ခါ ဗုဒ္ဓလောင်းလျာဟာ သုံးလှေထွတ်ထားမြတ်ဘုရားအဖြစ်သို့ ရောက်ရှိတော်မူတော့မယ့် နောက်ဆုံးဘဝကို မယ်တော်မာယာရဲ့ ဝမ်းကြာတိုက်မှာ ပဋ္ဌသန္ဓေနေတော်မူပါတယ်။ အဲဒီလို ဗုဒ္ဓလောင်းလျာ ပဋ္ဌသန္ဓေနေတော်မူတဲ့အတွက် မယ်တော်မာယာဟာ ထူးခြားတဲ့အိပ်မက်ကောင်းကို မြင်မက်တော်မူခဲ့ပါတယ်။ အဲဒီ အိပ်မက်ကတော့ ကောင်းကင်ယံကနေ ဆင်ဖြူတော်ဟာ သပြေခက်ကို နှာမောင်းနဲ့ချီပြီး မယ်တော်မာယာရဲ့ ဝမ်းကြာတိုက်အတွင်းသို့ လက်ယာဘက်ကနေ ဝင်ရောက်ကိန်းအောင်းတယ်ဆိုတဲ့ အိပ်မက်ပါပဲ။ ဒါကို သမားပုံးရားပုရောဟိတ်ဆရာတို့က ထူးမြတ်တဲ့သားရတနာ သန္ဓေတည်ပြီလို့ နိမိတ်ဖတ်ခဲ့ကြပါတယ်။ ဒါကိုကြည့်ရင် ဆင်ဖြူတော်ဟာ ကောင်းမြတ်တဲ့အတိတ်နိမိတ်၊ ထူးခြားအောင်မြင်မယ့် အတိတ်နိမိတ်အဖြစ် ဗုဒ္ဓဘုရားရှင်လက်ထက်တော် ကတည်းက အလေးအမြတ် သတ်မှတ်ခဲ့ကြကြောင်း လေ့လာသိရှိနိုင်ပါ

ပဋ္ဌမမြောက် ဆင်ဖြူတော်ရတနာ။

တယ်။ ဒါကြောင့် အိပ်မက်ကျမ်းတစ်ခုမှာ ဆင်ဖြူတော်ကို မြင်မက်လျှင် ပူဇော်မှုကိုခံရလတ္တံ့၊ ကျော်စောအုံ့၊ စားကောင်းသောက်ဖွယ်တို့ဖြင့် ခမ်းနားကြီးကျယ်လတ္တံ့ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။

မြန်မာ့ယဉ်ကျေးမှုသမိုင်းထဲမှာ ကျီးဖြူ၊ ဥဒေါင်းဖြူ၊ ဆိတ်ဖြူ၊ နွားဖြူ၊ မြင်းဖြူ၊ ဆင်ဖြူတို့ကို သူတော်စာရင်းဝင်များအဖြစ် သတ်မှတ်ထားတာ တွေ့နိုင်ပါတယ်။ အဖြူရောင်ဟာ တောက်ပသစ်လွင်ခြင်း၊ သန့်ရှင်းခြင်း၊ စင်ကြယ်ခြင်း၊ မွန်မြတ်ခြင်း၊ ကောင်းမွန်ခြင်း၊ နှစ်သက်မြတ်နိုးဖွယ်ကောင်းခြင်း စတဲ့ သဘောအနက်တွေ ဆောင်ပါတယ်။ ဒါကြောင့်လည်း ဆင်ဖြူတော်ကို အစဉ်အဆက် တန်ဖိုးထားဂုဏ်ယူ မြတ်နိုးကြခြင်း ဖြစ်ပါတယ်။

မြန်မာ့သမိုင်းအဆက်ဆက်မှာ ဆင်ဖြူတော်ရဲ့အခန်းကဏ္ဍဟာ အလွန်ပဲ အရေးပါခဲ့ပါတယ်။ ဆင်ဖြူရရှိတဲ့၊ ဆင်ဖြူဆက်သခံရတဲ့ ဘုရင်မင်းမြတ်တို့ဟာ ဆင်ဖြူတော်ပိုင်ဆိုင်မှုနဲ့အတူ ဘုန်းတန်ခိုးသြဇာကြီးမားခြင်း၊ ကျော်စောထင်ရှားခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း၊ တိုင်းသူပြည်သားတို့ ဝမြောစည်ပင်ခြင်း စတဲ့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတင့်တယ်ခဲ့ကြောင်း သမိုင်းမှာ အထင်အရှား တွေ့ရှိနိုင်ပါတယ်။

ပြည်သားတို့. ဝမြောစည်ပင်ခြင်း စတဲ့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့. ပြည့်စုံတင့်တယ်ခဲ့ကြောင်း သမိုင်းမှာ အထင်အရှား တွေ့ရှိနိုင်ပါတယ်။

ဒါ့အပြင် ဆင်ဖြူရှင်ဘွဲ့ခံယူနိုင်ဖို့ ဆင်ဖြူတော်ကို ပိုင်ဆိုင်နိုင်ရေးအတွက် နည်းလမ်းအမျိုးမျိုးသုံးပြီး ဆောင်ရွက်ခဲ့ပုံတွေ၊ ဆင်ဖြူကြောင့် မဟာဓိတ် ဖြစ်ကြသလို ဆင်ဖြူကြောင့်ပဲ ရန်စစ်ခင်းခဲ့ကြရပုံတွေကိုလည်း မြန်မာ၊ မွန်၊ သီဟိုဠ်၊ ယိုးဒယား ရာဇဝင်တစ်လျှောက်မှာ သမိုင်းမှတ်တမ်း အခြောက်အခြား တွေ့ရှိနိုင်ပါတယ်။

ဒါကြောင့် သမိုင်းမှတ်တမ်းများကို ဖြဲပြီးသုံးသပ်ကြည့်မယ်ဆိုရင် ဆင်ဖြူတော်ဆိုတာ နိုင်ငံတစ်နိုင်ငံ၊ ဧဝတ်တစ်ခေတ်၊ သမိုင်းတစ်ကွေ့မှာ ဖြစ်ထွန်းပေါ်ပေါက်ဖို့. အလွန်ခဲယဉ်းလှတဲ့ ရတနာတစ်ပါးပဲဖြစ်ပါတယ်။ ဆင်ကောင်ရေ(၁၀၀၀)မှာ ဆင်ဖြူတစ်ကောင် တွေ့နိုင်ခဲ့တဲ့အပြင် ဖြူပင် ဖြူသည့်တိုင် ဆင်ဖြူတော်တို့.ရဲ့. ကြန့်အင်လက္ခဏာ ဂုဏ်အင်္ဂါများနဲ့. ပြည့်စုံမှသာ ဆင်ဖြူတော်အဖြစ် ရတနာတန်းဝင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆင်ဖြူတော်ရတနာပေါ်ပေါက်တာဟာ တော်ရံဘုန်းကံ၊ တော်ရံထူးခြားတိုက်ဆိုင်မှုမျိုး မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။

မြန်မာ့သမိုင်းကိုပြန်ကြည့်ရင် ပုဂံခေတ် ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့တဲ့ အနော်ရထာမင်း၊ တောင်ငူခေတ် ဒုတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့တဲ့ ဘုရင်နောင်၊ ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို အောင်မြင်စွာထူထောင်နိုင်ခဲ့တဲ့ အလောင်းမင်းတရားတို့ဟာ ဆင်ဖြူများရှင် မင်းတရားကြီးများ ဖြစ်ခဲ့တာကို ထူးထူးခြားခြား တွေ့နိုင်ပါတယ်။ အဲဒီဆင်ဖြူများရှင် မင်းတရားကြီးများ လက်ထက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံကြီးဟာ တစုတစည်းတည်း စုစည်းခိုင်မာအားကောင်းခဲ့တာ၊ တိုင်းသူပြည်သား တိုင်းရင်းသားအပေါင်း ဥမက္ခဒိသိုက်မယျက် ချစ်ခင်သင့်မြတ်ဖွယ်နဲ့. အေးချမ်း စည်ပင် ဖွံ့ဖြိုးသာယာတဲ့ ဘဝကိုရိုင်ဆိုင်ပြီး မတောင့်မတ မကြောင့်မကြ အလျှုရေစက် လက်နဲ့မလွှာနေနိုင်ခဲ့တာ၊ ဒါ့အပြင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြင့်နန်းနဲ့ တစ်ရာတစ်ပါးသော ထီးဆောင်းမင်းအပေါင်းက ခညောင်ဝပ်တွား ခစားရတဲ့ အင်ပါယာနိုင်ငံအဖြစ် ဂုဏ်ခြဲပ်မြင့်မား ထည်ဝါ ခဲ့ညားခဲ့တာ အားလုံးသိပြီးဖြစ်ပါတယ်။

အလားတူ ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာလည်း ထူးထူးခြားခြား ဆင်ဖြူတော်တွေ ဆက်တိုက်ဆိုသလို ပေါ်ထွန်းလာခဲ့တာ ယခင် ရာဇဝဟာသီရိပစ္စယဂရောဇာ ဆင်ဖြူတော်၊ သိပ်ဂီမာလာဆင်ဖြူတော်၊ ရတီမာလာဆင်ဖြူတော်၊ ဘဒ္ဒဝတီ ဆင်ဖြူတော်တို့အပြင် ယခုဆင်ဖြူတော် အပါအဝင် ဆင်ဖြူတော်ရတနာ (၅)စီးအထိ ရှိလာခဲ့ပါပြီ။ ဒီလို ဆင်ဖြူတော် ... လာခဲ့ခြင်းဟာ တကယ့်ကို ထူးခြားအဲ့ဩဖွယ်၊ ... ဂုဏ်ယူဝင့်ကြွားဖွယ်အတိ ပြည့်လျှမ်းနေမယ်ဆို ... တော့ပါဘူး။

ဆင်ဖြူတော်ပေါ်ပေါက်ခြင်းဟာ နိုင်ငံ ... ငြိမ်းချမ်းသာယာခြင်း၊ လက်ရှိအခြေအနေထက ... သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဘိက္ခန္တရကပ် ... ကင်းလွတ်နိုင်ခြင်း စတဲ့ အတိတ်နိမိတ်ကောင ... ဆင်ဖြူတော်ပိုင်ဆိုင်တဲ့ မင်းများဟာ အခြား ... ကြီးမားပြီး စိုးစံတဲ့ကာလတစ်လျှောက်လုံး တို ... ဘေးတွေမှ ကင်းဝေးခြင်း၊ စစ်မက်ကင်းဝေးခြင် ... ကောင်းမွန်ခြင်း၊ ဆန်ရေစပါး ပေါများကြွယ်ဝခြ ... ပြီး အလျှုအတန်းပွဲလမ်းသဘင်များနဲ့ အလွန်စည ... ကောင်းကျိုးသုခချမ်းသာတွေကို ခံစားစံစားရတ ... ပြောရရင် ဆင်ဖြူတော်ပေါ်ပေါက်ခြင်းဟာ ကေ ... ခညောင်းပေါင်းစုံ ပြည့်စုံအောင်မြင်စေမယ့် အ

ဆင်ဖြူတော်ရဲ့. ကြန့်အင်လက္ခဏာနဲ့ပတ် ... များမှာ အထင်အရှား ပြဆိုထားပါတယ်။ နန်းမှ ... သိမှတ်ဖွယ်ရာများကျမ်းမှာ ဆင်ဖြူတော်နဲ့ ... ဖြူသည်၊ အဆင်းလှသည်၊ ရှုဖွယ်ရှိသည်၊ ... လက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၏။ ဤသို့ ... ဆိုသောကြောင့် အလုံးစုံဖြူစင်၍ အဆင်းအရ ... ရှိလျှင် ကောင်းမြတ်သော ကြန့်အင်္ဂါလက္ခဏာနှ ... ဖြူစင်သော ကြန့်အင်္ဂါလက္ခဏာရှိမှ ကြွင်းသော ... ဆိုဖွယ်မရှိပြီဟုဆိုသည်"ဆိုပြီး ပါရှိပါတယ်။ ... ဖြူနေပါက ဆင်ဖြူတော်ရဲ့. ကျန်တဲ့ ကြန့်အင် ... အလျောက် ပြည့်စုံပြီးဖြစ်တယ်လို့ မှတ်ယူနိုင် ...

ယခု ထပ်မံပေါ်ပေါက်လာတဲ့ ပဋ္ဌမ ... ဆင်ဖြူတော်ရတနာရဲ့. ကြန့်အင်လက္ခဏာများ ... အောက်ပါအတိုင်းတွေ့ရှိရပါတယ်-

(က)	အရပ်အမြင့်	- ၇မေ ၁လ
(ခ)	ကိုယ်လုံးပတ်	- ၁၀မေ ၃
(ဂ)	အသက်	- ၁၈နှစ်ခန့်
(ဃ)	အစွယ်	- သစ်ခွဲထိုး
(င)	ကျောက	- ၄က်ဖျောက
(စ)	အမွေးအမင်	- အဖြူရောင်
(ဆ)	အသားအရေ	- သြဇာခွဲ(ပါ
(ဇ)	အရေပြား	- ပန်းရောင်
(ဈ)	မျက်လုံး	- ပုလဲ
(ည)	ရှေ့ခြေသည်း	- ခြေသည်း
(ဋ)	နောက်ခြေသည်း	- ခြေသည်း
(ဌ)	အဖြီး	- အလျား ၃ တံခါးဖွင့
(ဍ)	နားရွက်	- ကြေးစည်
(ဎ)	နှာမောင်း	- သာမန်
(ဏ)	ရုရိုသည့်နေ့ရက်	- ၂၃-၉-၂

ယခု ပဋ္ဌမမြောက် ဆင်ဖြူတော်ပေ ... ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွ ... ပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ချီ ... အပြောင်းကာလနဲ့. ထူးထူးခြားခြား တိုက်ဆိုင် ... ကျွန်တော်တို့ ပြည်သူအားလုံးက နိုင်ငံတော်အ ... အတွက် အတိတ်ကောင်း နိမိတ်ကောင်းများအဖြစ် ... နေကြပါတယ်။ ဆင်ဖြူတော်ဆိုတာ ဗုဒ္ဓသာ ... ဘာသာ သာသနာကို ကိုးကွယ်မြတ်နိုး ... တိုင်းပြည်ချုပ်ချုပ်သူတို့ တရားနဲ့အညီ အုပ်ချုပ်တဲ့ ... မြို ဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ယခုလို ... တိုးပွားပေါ်ထွန်းလာခြင်းဟာ ကျွန်တော်တို့မြ ... သာယာပြီး ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်တ ... အတိတ်ကောင်းဖြစ်သလို ဆန်ရေစပါး၊ ရွှေ ... ပေါများကြွယ်ဝပြီး ဒီပြည်ထောင်စုကြီးထဲက ကျ ... ပြည်သူတစ်ရပ်လုံး အာကာသက်ကနေ ယခုထ ... အေးချမ်းစည်ပင်မယ့် နိမိတ်ကောင်းလည်းဖြစ်

ဒါ့အပြင် ဆင်ဖြူရတနာဆိုတာ အုပ်ချ ... တိုင်းပြည်ရဲ့.ဘုန်းကံ၊ ပြည်သူတွေရဲ့.ကုသိုလ်ကံ ... မဂ်လာရှိတဲ့ အကြောင်းခြင်းရာကိစ္စရပ်များနဲ့. ... ပေါ်ပေါက်လေရှိပါတယ်။ ယခုလို စစ်မှန်ပြီး စည် ... ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီ ... မယ့် သမိုင်းအလှည့်အပြောင်းကာလမှာ ပဋ္ဌမမြော ... ပေါ်ထွန်းလာခြင်းဟာ သာမန်ဖြစ်စဉ်ချိုမဟုတ်ပ ... တဲ့၊ အရေးကြီးတဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်စဉ်ဖြ ... ဒါကြောင့်လည်း မကြာမီကျင်းပတော့မယ့် ရွေး ... အေးချမ်း အောင်မြင်စွာပြီးမြောက်သွားမယ့် ... နောင်ပေါ်ပေါ်ကလာမယ့် အနိုးရာသစ်လက်ထက် ... လက်ထက်နည်းတူ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတို ... တို့ကို အပြည့်အဝ ခံစားစံစားနိုင်မယ့် နိမိတ်ကော ... ဆင်ဖြူတော်ရတနာနဲ့ ... ဂုဏ်ပြုကြိုဆိုလျက်ရှိပါကြောင်း တင်ပြလိုက်ရ ...**

မြန်မာ့သမိုင်းအဆက်ဆက်မှာ ဆင်ဖြူတော်ရဲ့အခန်းကဏ္ဍဟာ အလွန်ပဲ အရေးပါခဲ့ပါတယ်။ ဆင်ဖြူရရှိတဲ့၊ ဆင်ဖြူဆက်သခံရတဲ့ ဘုရင်မင်းမြတ်တို့ဟာ ဆင်ဖြူတော်ပိုင်ဆိုင်မှုနဲ့အတူ ဘုန်းတန်ခိုးသြဇာကြီးမားခြင်း၊ ကျော်စောထင်ရှားခြင်း၊ တိုင်းပြည်အေးချမ်းသာယာခြင်း၊ တိုင်းသူပြည်သားတို့ ဝမြောစည်ပင်ခြင်း စတဲ့ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတင့်တယ်ခဲ့ကြောင်း သမိုင်းမှာ အထင်အရှား တွေ့ရှိနိုင်ပါတယ်။

(၅)စီးအထိ ရှိလာခဲ့ပါပြီ။ ဒီလို ဆင်ဖြူတော် (၅)စီး ပေါ်ထွန်းပိုင်ဆိုင်လာခဲ့ခြင်းဟာ တကယ့်ဂို ထူးခြားအံ့သြဖွယ်၊ ရွှင်လန်းဝမ်းမြောက်ဖွယ်၊ ဂုဏ်ယူဝင့်ကြွားဖွယ်အတိ ပြည့်လျှမ်းနေမယ်ဆိုတာ အထူးပြောဖို့ မလိုတော့ပါဘူး။

ဆင်ဖြူတော်ပေါ်ပေါက်ခြင်းဟာ နိုင်ငံတော်ဖွံ့ဖြိုးစည်ပင်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ လက်ရှိအခြေအနေထက် တိုးတက်ခဲ့ညားခြင်း၊ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဘိက္ခန္တရကပ် စတဲ့ ကပ်ကြီးသုံးပါးမှ ကင်းလွတ်နိုင်ခြင်း စတဲ့ အတိတ်နိမိတ်ကောင်းတွေ ဆောင်ပါတယ်။ ဆင်ဖြူတော်ပိုင်ဆိုင်တဲ့ မင်းများဟာ အခြားမင်းတွေထက် ဘုန်းကံကြီးမားပြီး နိုးစံတဲ့ကာလတစ်လျှောက်လုံး တိုင်းပြည်မှာ ဒုံးသားရန်သူ သေးတို့မှ ကင်းဝေးခြင်း၊ စစ်မက်ကင်းဝေးခြင်း၊ မိုးလေဝသ မှန်ကန်ကောင်းမွန်ခြင်း၊ ဆန်ရေစပါး ပေါများကြွယ်ဝခြင်း၊ စီးပွားရေးကောင်းမွန်ပြီး အလှူအတန်းပွဲလမ်းသဘင်များနဲ့ အလွန်စည်ပင်အေးချမ်းခြင်း စတဲ့ကောင်းကျိုးသုခချမ်းသာတွေကို ခံစားစံစားရတယ်လို့ ဆိုပါတယ်။ ၆၁ပြီး ပြောရရင် ဆင်ဖြူတော်ပေါ်ပေါက်ခြင်းဟာ ကောင်းခြင်းမင်္ဂလာအားလုံး ခညောင်းပေါင်းစုံ ပြည့်စုံအောင်မြင်စေမယ့် အတိတ်နိမိတ်ကောင်းပါပဲ။

ဆင်ဖြူတော်ရဲ့ ကြန့်အင်လက္ခဏာနဲ့ပတ်သက်ပြီး ဝိဋ္ဌကတ်ကျမ်းများမှာ အထင်အရှား ပြဆိုထားပါတယ်။ နန်းမှုနန်းရာ အဆင်တန်ဆာနှင့် သိမှတ်ဖွယ်ရာများကျမ်းမှာ ဆင်ဖြူတော်နဲ့ပတ်သက်ပြီး ''အလုံးစုံဖြူသည်၊ အဆင်းလှသည်၊ ရွှဖွယ်ရှိသည်၊ ကြည်ညိုဖွယ်ရှိသည်၊ လက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၏။ ဤသို့ ဘုရားလောင်းဆင်ဖြူတို့ကို ဆိုသောကြောင့် အလုံးစုံဖြူစင်၍ အဆင်းအရည်ရွှဖွယ်၊ ကြည်ညိုဖွယ်ရှိလျှင် ကောင်းမြတ်သော ကြန့်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်သည်။ ဖြူစင်သော ကြန့်အင်္ဂါလက္ခဏာရှိမှ ကြင်းသောကြန့်အင်္ဂါလက္ခဏာမှာ ဆိုဖွယ်မရှိပြီဟုဆိုသည် ''ဆိုပြီး ပါရှိပါတယ်။ ဆိုလိုတာကတော့ အလုံးစုံဖြူနေပါက ဆင်ဖြူတော်ရဲ့ ကျွန်တဲ့ ကြန့်အင်္ဂါလက္ခဏာတို့ဟာ အလိုအလျောက် ပြည့်စုံပြီးဖြစ်တယ်လို့ မှတ်ယူနိုင်ပါတယ်။

ယခု ထပ်မံပေါ်ပေါက်လာတဲ့ ပဋ္ဌမမြောက်ဆင်ဖြူတော်ဟာ ဆင်ဖြူတော်ရတနာရဲ့ ကြန့်အင်လက္ခဏာများနဲ့ အထူးပြည့်စုံတာကို အောက်ပါအတိုင်းတွေ့ရှိရပါတယ်-

(က)	အရပ်အမြင့်	- ၇ပေ ၁လက်မ
(ခ)	ကိုယ်လုံးပတ်	- ၁၀ပေ ၃လက်မ
(ဂ)	အသက်	- ၁စနှစ်ခန့်
(ဃ)	အစွယ်	- သစ်ခွံထိုး
(င)	ကျောက	- ၄ကမ္ဘာကိုင်း
(စ)	အမွေးအမင်	- အဖြူရောင်
(ဆ)	အသားအရေ	- သြစာခွံ(ပါး)
(ဇ)	အရေပြား	- ပန်းရောင်
(ဈ)	မျက်လုံး	- ပုလဲ
(ဉ)	ရှေ့ခြေသည်း	- ခြေသည်းငါးခုပါ ရှိပြီး အဖြူရောင်
(ဋ)	နောက်ခြေသည်း	- ခြေသည်းလေးခုပါ ရှိပြီး အဖြူရောင်
(ဌ)	အမြီး	- အလျား ၃ပေ ၇လက်မရှိပြီး တံခါးဖွင့် အမျိုးအစား
(ဍ)	နားရွက်	- ကြေးစည်
(ဎ)	နှာမောင်း	- သာမန်
(ဏ)	ရရှိသည့်နေ့ရက်	- ၂၃-၉-၂၀၁၀

ယခု ပဋ္ဌမမြောက် ဆင်ဖြူတော်ပေါ်ပေါက်လာတဲ့အချိန်ဟာ ကျွန်တော်တို့နိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ချီတက်မယ့် သမိုင်းအလှည့် အပြောင်းကာလနဲ့ ထူးထူးခြားခြား တိုက်ဆိုင်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူအားလုံးက နိုင်ငံတော်အတွက်၊ ပြည်သူအားလုံး အတွက် အတိတ်ကောင်း နိမိတ်ကောင်းများအဖြစ် အလွန်ကို အားရကျေနပ်နေကြပါတယ်။ ဆင်ဖြူတော်ဆိုတာ ဗုဒ္ဓသာသနာတွင်းကားရာအရပ်၊ ဘာသာ သာသနာကို ကိုးကွယ်ခြင်းနဲ့ ဆည်းကပ်သူတို့ရှိရာအရပ်၊ တိုင်းပြည်အုပ်ချုပ်သူတို့ တရားနဲ့အညီ အုပ်ချုပ်တဲ့အရပ်တို့မှာသာ ပေါ်ထွန်းမြဲ ဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ယခုလို ဆင်ဖြူတော်ရတနာဆွေ တိုးပွားပေါ်ထွန်းလာခြင်းဟာ ကျွန်တော်တို့နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ဘေးဥပဒဿနရာယ်အသွယ်သွယ်တို့ ကင်းစင်ပယောက်မယ့် အတိတ်ကောင်းဖြစ်သလို ဆန်ရေစပါး၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ပေါများကြွယ်ဝပြီး ဒီပြည်ထောင်စုကြီးထဲက ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အာဏာဘက်ကနေ ယခုထက် ပိုမိုခွဲပြီးတိုးတက်မယ်၊ အေးချမ်းစည်ပင်မယ့် နိမိတ်ကောင်းလည်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

၃)အပြင် ဆင်ဖြူရတနာဆိုတာ အုပ်ချုပ်သူမင်းတို့ရဲ့ ဘုန်းကံ၊ တိုင်းပြည်ရဲ့ဘုန်းကံ၊ ပြည်သူတွေရဲ့ကုသိုလ်ကံတို့ အပေါ်မှာမူတည်ပြီး မင်္ဂလာရှိတဲ့ အကြောင်းခြင်းရာကိစ္စရပ်များနဲ့ တိုက်ဆိုင်ညီညွတ်မှသာ ပေါ်ပေါက်လေ့ရှိပါတယ်။ ယခုလို စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် အသွင်ကူးပြောင်းမယ့် သမိုင်းအလှည့်အပြောင်းကာလမှာ ပဋ္ဌမမြောက် ဆင်ဖြူတော်ရတနာ ပေါ်ထွန်းလာခြင်းဟာ သာမန်ဖြစ်စဉ်မျိုးမဟုတ်ပါဘူး။ အလွန်ကို ထူးခြားတဲ့၊ အရေးကြီးတဲ့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်စဉ်ဖြစ်ရပ်မျိုးသာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မကြာခဏကျင်းပတော့မယ့် ရွေးကောက်ပွဲကြီး တည်ငြိမ်အေးချမ်း အောင်မြင်စွာပြီးမြောက်သွားမယ့် အတိတ်ကောင်းဖြစ်သလို နောင်ပေါ်ပေါက်လာမယ့် အစိုးရသစ်လက်ထက်မှာလည်း လက်ရှိအစိုးရ လက်ထက်နည်းတူ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်ပင်ဝေပြားမှု တွေကို အပြည်အစ ခံစားစံစားနိုင်မယ့် နိမိတ်ကောင်းဖြစ်တဲ့ ပဋ္ဌမမြောက် ဆင်ဖြူတော်ရတနာကို ကျွန်တော်တို့ပြည်သူအားလုံးက လှိုက်လှဲဝမ်းသာ ဂုဏ်ပြုကြိုဆိုလျက်ရှိပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် အဖျက်သမားများ အနာဂတ်နိုင်ငံတော်သစ်လုပ်ငန်းစဉ်များ နောင့်နေးပျက်ပြားစေရန်ဆောင်ရွက်လျက်ရှိ နိုင်ငံတော်အစိုးရနှင့်ပြည်သူ လက်တွဲပူးပေါင်းဆောင်ရွက်မှုဖြင့် တွန်းလှန်ဖယ်ရှား

အရည်အချင်းမြင့်မားသော လူစွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းရေး အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ဆက်လက်ကြိုးပမ်းဖော်ဆောင်

ရန်ကုန် စက်တင်ဘာ ၂၅

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၂) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသီယံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေး ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ စာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ရန်ကုန်မြို့တော် ဥပစင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယဝန်ကြီး များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အတွက် အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာ သိပ္ပံနှင့် နည်းပညာမြှင့်မြှင့် တိုးတက်လာမှုများအရ အနာဂတ် ကာလတွင် ကြံတွေ့ရမည့် စိန်ခေါ်မှု အမျိုးမျိုးကို အမျိုးသားရေး အသိ အမြင် နိုးကြားထက်သန်စွာဖြင့် ရင်ဆိုင် ကျော်လွှားနိုင်ရေး ဦးတည်သော အမျိုးသားပညာရည်မြင့်မားရေး အစီ အစဉ်များကိုချမှတ်ပြီး မျိုးဆက်သစ် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေး လျက်ရှိကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အားနေချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်း လာစေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး၊ အမျိုးသား စီးပွားရေး ဘဝ တောင့်တင်းနိုင်မာရေး၊ ပြည်သူ များ စားဝတ်နေမှု ပြည့်စုံဖူလုံစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်း မြင့်မားရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး ဘက်စုံ ကဏ္ဍာန်စုံတွင် ရည်မှန်းချက်ရှိရှိဖြင့် စေတနာ၁ရေ့ထားပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

စဉ်ဆက်မထူထောင်

ပြည်ထောင်စုကြီး တစ်ရပ်လုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေး မျှော်မှန်းပြီး ကြိုးပမ်းဆောင်ရွက်ရာ တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်မည့် လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွန်း ရေး ပြုစုပျိုးထောင် မွေးထုတ်ပေး လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ် အပိုင်းအားလုံးတွင် ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးမှု အခြေခံကောင်းများ ဖြစ်ထွန်းစေရန်၊ နယ်မြေဒေသ အချင်းချင်းလွယ်ကူချောမွေ့စွာ ကူးသန်း သွားလာနိုင်စေရန်၊ ဒေသတွင်းဖိတင်း နေထိုင်ကြသည့် ပြည်သူများ မိမိတို့ ဒေသအတွင်းမှာပင် ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝ ရရှိခံစား နိုင်စေရန် ရည်မှန်းချက်များဖြင့် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အခြေခံအဆောက် အအုံများ၊ ကျန်းမာရေးဆိုင်ရာအခြေခံ အဆောက်အအုံများကိုလည်း ဒေသ အားနေချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်း လာစေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး၊ အမျိုးသား စီးပွားရေး ဘဝ တောင့်တင်းနိုင်မာရေး၊ ပြည်သူ များ စားဝတ်နေမှု ပြည့်စုံဖူလုံစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်း မြင့်မားရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး ဘက်စုံ ကဏ္ဍာန်စုံတွင် ရည်မှန်းချက်ရှိရှိဖြင့် စေတနာ၁ရေ့ထားပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

တွန်းလှန်ဖြိုဖျက်

မိမိတို့နိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းတစ်ရာကျော် ပေါင်းစည်း ယှက်နွယ်ရေထိုင်ကြသည့် ပြည်ထောင်စု နိုင်ငံတော် ဖြစ်သည့်နှင့် အညီ တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းအားနှင့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့သည်သာ ပြည်ထောင်စု ကြီးကို မယိုင်မလဲ မပြိုကွဲစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် တစ်ခု တည်းသော စွမ်းအားအစစ်အမှန် ဖြစ် ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်း တစ်လျှောက် ပြည်ထောင်စုစိတ်ဓာတ် အခြေခံစွမ်းအားဖြင့်သာ အနောင့် အယှက် အဖျက်အဆီးမရှိ သမျှကို တွန်းလှန် ဖြိုဖျက်နိုင်သည်ဆိုသည့် သမိုင်းရေးသင်ခန်းစာကိုလည်း တွေ့ရှိ ရမှာဖြစ်ကြောင်း။

ယနေ့အခါ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးကို မလိုလားသည့်အဖျက် သမားများသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းမှု ပျက်ပြားစေရန် ရက်စက် ကြမ်းကြုတ်သည့် ဖောက်ခွဲဖျက်ဆီး မှုများတိုင်းရင်းသား စည်းလုံးညီညွတ် မှုဖြိုကွဲရန် လူမျိုးရေး၊ ဝါဒရေး၊ ဂိုဏ်း ဂဏရေး ခွဲခြားမှုများဖြင့် ပြည်သူများ မျှော်လင့်တောင့်တနေသော အနာဂတ် နိုင်ငံတော်သစ်အတွက် ဆောင်ရွက်နေ သည့်လုပ်ငန်းစဉ်များ နောင့်နေး ပျက်ပြားစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

လက်တွဲပူးပေါင်း

မည်သို့သော အဖျက်အမှောင့် လုပ်ငန်းများ လုပ်ကြံမန်တီးဆောင်ရွက် စေကာမူ နိုင်ငံတော်အစိုးရနှင့် ပြည်သူ တစ်ရပ်လုံးက ညီညီညွတ်ညွတ် ခိုင်ခိုင် မြဲမြဲ လက်တွဲပူးပေါင်းဆောင်ရွက်မှုဖြင့် အဖျက်အန္တရာယ် မှန်သမျှကို တွန်းလှန် ဖယ်ရှားပြီး မိမိတို့ အချိန်သားရေး ပန်းတိုင်းကို မရောက်ရောက်အောင် ကျော်လွှားကလန်းသွားကြရမှာပင် ဖြစ် ကြောင်း။

နိုဂုံးချုပ်အနေဖြင့် အနာဂတ် ကာလတွင် ကြံတွေ့ရမည့် စိန်ခေါ်မှု အမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားသည့် အရည်အချင်းမြင့်မားသော လူစွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေးအတွက် မျိုးဆက် သစ်လူငယ်များကို လေ့ကျင့်ပျိုးထောင် ပေးရာတွင် အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ဆက်လက် ကြိုးပမ်းဖော်ဆောင်သွားကြရန်။

တိုက်တွန်းပြောကြား

မျိုးဆက်သစ် ကျောင်းသား ကျောင်းသူ လူငယ်များကို သမိုင်း အစဉ်အလာ စောင့်ထိန်းသူများ၊ ကောင်းသောအမွေခံ ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်စွမ်းရှိသူများ၊ မြန်မာ့လူ အဖွဲ့အစည်း လူနေမှုဘဝကို မြင့်မား အောင် တည်ဆောက်နိုင်စွမ်းရှိသူများ အဖြစ် ပြုစုပျိုးထောင်သွားကြရန်၊ အနာဂတ်နိုင်ငံတော်သစ် တည်ဆောက် ရေးလုပ်ငန်းစဉ်များ နောင့်နေးပျက်ပြား စေရေးအတွက် ကြိုးပမ်းဆောင်ရွက် နေကြသည့် အဖျက်အန္တရာယ်မှန်သမျှ ကို ညီညွတ်နိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံ ဖြင့် တွန်းလှန်ဖယ်ရှားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက သင်တန်း သား စုံပြဆုရ ကသအမှတ် F- ၅၈ ဦးတင်ဌေး မူလတန်းကျောင်းအုပ် အခြေခံပညာမူလတန်းကျောင်း (ရွှေ ကျွန်းကုန်း) ရွှေတောင်ဖြိုန့်ယ ပဲခူး တိုင်းဒေသကြီးနှင့် သင်တန်းသူ စုံပြ ဆုရ ကသအမှတ် E-၁၁၁ ဒေါ်သူဇာ ဦး အလယ်တန်းပြဆရာမ အခြေခံ ပညာ အထက်တန်းကျောင်း(ရွဲ) ဖားကူး သန်ကျင်ဖြိုန့်ယ ရန်ကုန်တိုင်း ဒေသကြီးတို့အားလည်းကောင်း၊ ဓွဲ လုံ့လဆုရရှိကြသော ကသအမှတ် F-၁၀၉၊ ဦးချမ်းသာ မူလတန်း ကျောင်းအုပ် အခြေခံပညာမူလတန်း ကျောင်း(၁ကြီး) ကြခင်းဖြိုန့်ယ ရရာတီ တိုင်းဒေသကြီး၊ ကသအမှတ် A-၉၃ ဒေါ်ခင်အေးကြူ အလယ်တန်းပြ ဆရာမ အမှတ်(၁၂) အခြေခံပညာမူလ တန်းလွန်ကျောင်း မင်္ဂလာတောင်ညွန့် ဖြိုန့်ယ ရန်ကုန်တိုင်းဒေသကြီးနှင့် ကသအမှတ် A-၁၈ ဒေါ်အုန်းဖြင့် အလယ်တန်းပြဆရာမ အမှတ် (၄) အခြေခံပညာ အလယ်တန်းကျောင်း လှိုင်သာယာဖြိုန့်ယ ရန်ကုန်တိုင်း ဒေသကြီးတို့အားလည်းကောင်း၊ စုံပြ အဆောင်ဆုရ သင်တန်းသား အမျိုးသား တပ်ခွဲ ၅ အဆောင် ၂နှင့် သင်တန်း သူ အမျိုးသမီး တပ်ခွဲ ၈ အဆောင် ၁၀တို့မှ တပ်ခွဲခေါင်းဆောင်များအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့် ပြီး သင်တန်းဆင်း အောင်လက်မှတ် များကို သင်တန်းသား သင်တန်းသူများ ကိုယ်စား တပ်ခွဲအလိုက် ခေါင်းဆောင် များအား ပေးအပ်ကာ အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ အောက် မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းဒေသ ကြီးများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၅၂၂ဦး တက်ရောက် ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံ ပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၂) ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်း သူ၊ ဆရာ ဆရာမများ တက်ရောက် ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင် အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် ယနေ့ ကာလကဲ့သို့ သိပ္ပံနှင့် နည်းပညာ တိုးတက်မြစ်ထွန်းမှုများက ဦးဆောင် ပြီး အစစအရာရာ ပြောင်းလဲတိုးတက် နေဆဲဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြင် အဆိုင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိ နေကြကြောင်း၊ နိုင်ငံတော်အစိုးရအနေ ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကို နယ်ပယ်ကဏ္ဍာန်တွင် အကျိုးအဃာနှင့် ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်း ဆောင်ရွက်ရာတွင် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှား နိုင်မည့် အရည်အချင်းမြင့်မားသည့် လူစွမ်းအားအရင်းအမြစ်များ ပြည်ခဲ့ ရေးနှင့် စဉ်ဆက်မပြတ် ပေါ်ထွန်းလာ စေရေးအတွက် ပညာရေးကဏ္ဍာကို မဟဏ္ဏိုင်ပြပြီး လေ့ကျင့်မွေးထုတ်ပေး ရန်လိုအပ်သည်ဟု ခဲယူထားရှိကြောင်း။

လေ့ကျင့်ပျိုးထောင်

ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးတွင် အဓိက မောင်းနှင်အား တစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည် မြင့်မားမှု စွမ်းရည်တိုးတက်နိုင်မာရေး အားနေချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်း လာစေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး၊ အမျိုးသား စီးပွားရေး ဘဝ တောင့်တင်းနိုင်မာရေး၊ ပြည်သူ များ စားဝတ်နေမှု ပြည့်စုံဖူလုံစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်း မြင့်မားရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး ဘက်စုံ ကဏ္ဍာန်စုံတွင် ရည်မှန်းချက်ရှိရှိဖြင့် စေတနာ၁ရေ့ထားပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)

ယခုကဲ့သို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေသည့် အခြေ အနေ အချိန်အခါမျိုးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပညာရည် မြင့်မားမှု၊ အသိအမြင် ဗဟုသုတ ပြည့်စုံ ကြွယ်ဝမှု၊ စစ်မှန်သည့် ပြည်ထောင်စု စိတ်ဓာတ် ထက်သန်နိုင်ဝေမှု စွမ်းအား များနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုစွမ်းအား များကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး တစ်မျိုးသားလုံး တက်ညီလက်ညီ အားထုတ်ကြိုးစားမှသာ မိမိတို့ လိုလားတောင့်တနေသည့် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်ကြီးကို အောင်အောင် မြင်မြင် တည်ဆောက်နိုင်မှုဖြစ် ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံ ပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၂) ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် တိုက်တွန်း

ရီနီဗာ စက်တင်ဘာ ၂၅

ကမ္ဘာပေါ်တွင် လုံခြုံမှုရှိရေး၊ ထာဝရငြိမ်းချမ်းမှု တည်ဆောက်ရေးတို့အတွက် ပိုမိုကြိုးပမ်းကြရန် တရုတ်သမ္မတကြီးချုပ် ဝမ်ကြားပေါင်က (၆၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် စက်တင်ဘာ ၂၃ရက်က မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြား တိုက်တွန်းလိုက်သည်။

လက်တွဲဆောင်ရွက်

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနေဖြင့် လက်ရှိလုံခြုံရေး ခြိမ်းခြောက်မှုများနှင့် အခြားသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန် စုပေါင်းလက်တွဲဆောင်ရွက်ရမည် ဖြစ်ကြောင်း တရုတ်သမ္မတကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားသည်။

နိုင်ငံတကာလုံခြုံရေးအခြေအနေနှင့် စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် မတည်ငြိမ်မှုများနှင့် မသေချာမရေရာမှုများ ပိုမိုများပြားစွာ တည်ရှိလျက်ရှိကြောင်း သမ္မတကြီးချုပ် ဝမ်ကြားပေါင်က (**အပေါ်ပုံ**) ထောက်ပြသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုထိန်းသိမ်းရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပါသော ယန္တရားတစ်ခုအဖြစ် ဆက်လက်ပါဝင်ကြိုးပမ်းပြီး ပိုမိုကြီးမားသည့် အခန်းကဏ္ဍ၌ ဆောင်ရွက်သင့်ကြောင်း သမ္မတကြီးချုပ် ဝမ်ကြားပေါင်က ထည့်သွင်းပြောကြားသည်။

အမ်အင်နီအေးဆင်ဟွာ

ကျောဘာ စက်တင်ဘာ ၂၅

အင်ဒိုလေကြောင်းပြပွဲ၌ လေယာဉ်ငယ်ပျက်ကျ

အင်ဒိုနီးရှားနိုင်ငံ ကျောဘားပြည်နယ် အနောက်ပိုင်း၌ စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းက ကျင်းပသည့် လေကြောင်းပြပွဲတွင် အပျေါစား လေယာဉ်ငယ်တစ်စင်း ပျက်ကျရာ လေယာဉ်မှူး ပြင်းထန်စွာ ဒဏ်ရာရရှိသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ (**ယာပုံ**)

ထုတ်လုပ်

ယင်းလေယာဉ်သည် အင်ဒိုနီးရှားနိုင်ငံ ပီတီ-ဒါဂန်တာရာ လေယာဉ်ကုမ္ဗဏီမှ ၁၉၉၈ခုနှစ်က ထုတ်လုပ်ထားခြင်း ဖြစ်သည်ဟု စစ်ဘက်ဌာနချုပ်မှ အကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မြေပြင်မှ အမှိမ့်ပျံသန်းကာ လေကြောင်းစွမ်းရည် ပြသနေစဉ်အတွင်း ဆာလာဆူဒါဂျက်ဒေသ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အဆိုပါလေယာဉ်ပေါ်တွင် လေယာဉ်မှူးတစ်ဦးသာ ပါရှိသည်ဟု ပြည်နယ် ရုပ်မြင်သံကြားက သတင်းထုတ်ပြန်သည်။ အင်ဒိုနီးရှားလေတပ်နှင့် ပီတီ-ဒါဂန်တာရာကုမ္ဗဏီတို့မှားပေါင်းကာ ကျင်းပသည့် လေကြောင်းပြပွဲတွင် လေယာဉ် ၁၃၇စင်း ပါဝင်ပြသခဲ့သည်ဟုဆိုသည်။

အမ်အင်နီအေးဆင်ဟွာ

ကမ္ဘာ့ငြိမ်းချမ်းရေး တည်ဆောက်ရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် တိုက်တွန်း

အာကာသယာဉ်မျူးသုံးဦး လိုက်ပါလာသည့်ထိပ်ဖူး ကာဇက်စတန်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့

အယ်မာတီ (ကာဇက်စတန်) စက်တင်ဘာ ၂၅

နိုင်ငံတကာ အာကာသစခန်းတွင် ခြောက်လကြာနေထိုင်ခဲ့သော အာကာသယာဉ်မှူး သုံးဦးလိုက်ပါလာသည့် ဆိုယုဓအာကာသယာဉ်ထိပ်ဖူးသည် စက်တင်ဘာ ၂၅ရက် နံနက်ပိုင်းက ကာဇက်စတန်နိုင်ငံအလယ်ပိုင်းသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်ဟု နာဆာက ပြောကြားသည်။ (အပေါ်ပုံ)

လိုက်ပါ

အဆိုပါ အာကာသယာဉ်ထိပ်ဖူးထဲတွင် အမေရိကန်အာကာသယာဉ်မှူး ထရေစီ ကဲလ်ဝဲလ်ဒိုင်းဆင် (**ပဲအစွန်**)၊ ရုရှားအာကာသယာဉ်မှူးများဖြစ်ကြသည့် အလယ်ဓြား စဗော့ကော့ဗ် (**အလယ်**)နှင့် မိခေးလ်ကိုနီယစ်ကိုတို့ လိုက်ပါလာခဲ့ကြသည်။

ဆင်းသက်နိုင်

ယင်းဆိုယုဓ်အာကာသယာဉ်ထိပ်ဖူးသည် ကာဇက်စတန်နိုင်ငံ အလယ်ပိုင်း အာကာလစ်မြို့ရှိ ထိန်းချုပ်ရေးစခန်း အရှေ့တောင်ဘက်၌ သေသစ်တော်ချိန် ၁၁နာရီ ၂၃မိနစ်က မြေပြင်သို့အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း၊ အာကာသယာဉ်ထိပ်ဖူး မြေပြင်သို့ရောက်မီ ရုရှားရဟတ်ယာဉ် ၁၂စင်းက ဝေပာင်တွင် ဝဲပျံလျက် အခြေအနေ စောင့်ကြည့်ပေးခဲ့ကြကြောင်း နာဆာအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရောဘာ့ဟာဘီယက်က ပြောကြားသည်။ (**အင်တာနက်**)

ကျောဘား စက်တင်ဘာ ၂၅

အင်ဒိုနီးရှား ကျောဘားပြည်နယ် ရေနက်ပိုင်းတွင် ရေနံတွင်းပေါက်ကွဲမှု ရေနံစိမ်းစည်ပေါင်း ၄ဒသမ၄သန်း ယိုစိမ့်ခဲ့ဟုဆို

ဝါရှင်တန် စက်တင်ဘာ ၂၅

လွန်ခဲ့သည့်ဧပြီလအတွင်း မက္ကဆီကို ပင်လယ်ကွေ့အတွင်း ဘီပီကုမ္ဗဏီမှ ရေနံတွင်းပေါက်ကွဲမှုဖြစ်ပွားရာတွင် ရေနံစိမ်း ယိုစိမ့်မှု စည်ပေါင်း ၄ဒသမ၄သန်းရှိခဲ့ကြောင်း အမေရိကန်သုတေသနပညာရှင် အဖွဲ့တစ်ဖွဲ့က စက်တင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

အဆိုပါ ရေနံယိုစိမ့်မှုသည် စတင်ပေါက်ကွဲသည့်ရက်များက နေ့စဉ် စည်ပေါင်း ၁၀၀၀ခန့် ယိုစိမ့်မှုရှိခဲ့သော်လည်း နောက်ပိုင်းတွင် နေ့စဉ် စည်း ၅၀၀၀၊ ၁၂၀၀၀၊ ၁၉၀၀၀ အစရှိသဖြင့် တိုးပြီး ယိုစိမ့်ခဲ့ကြောင်း ကိုလံဘီယာတက္ကသိုလ်မှ တီမိုတီ ခရန်းနှင့် သုတေသနအဖွဲ့က ပြောကြားသည်။

ယိုစိမ့်

ယင်းတို့သည် အဆိုပါ ရေနံယိုစိမ့်မှုကို ရေအောက်ဗီဒီယိုမှတ်တမ်းဖြင့် သုတေသနပြု လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ ဘီပီ ကုမ္ဗဏီမှ တာဝန်ရှိသူများသည် ပေါက်ကွဲမှုဖြစ်ပွားပြီး ယိုစိမ့်နေသောရေနံတွင်းမှ ရေနံများ ယိုစိမ့်မှု ရပ်တန့်သွားစေရန် ရေအောက်စက်ရပ်သုံးပြီး အဖုံးကို ပိတ်ဆို့ခဲ့ရသည်။ ဇွန် ၁၅ရက်တွင် ယိုဖိတ်နေသောအပေါက်ကို ပိတ်ပစ်နိုင်သည့်တိုင်အောင် ရေနံများ ယိုဖိတ်မှုဖြစ်ပွားခဲ့ရကြောင်း ၄င်းသုတေသနအဖွဲ့က ပြောကြားသည်။ ၄င်းကုမ္ဗဏီက နောက်ဆုံး ယိုစိမ့်ခဲ့နေသော ရေနံတွင်းကို ဘိလပ်မြေများ လောင်းထည့်ကာ အပြီးပိတ်ပစ်ခဲ့ရသည်။ ဘီပီကုမ္ဗဏီ အနေဖြင့် ထိုမျှများပြားလှသည့် ရေနံစည်များ ယိုစိမ့်ဆုံးရှုံးခဲ့သော်လည်း စည်ပေါင်း ၈၀၄၈၇၇ကိုသာ ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း သိရသည်။ (**အပေါ်ပုံ**) (**အင်တာနက်**)

အစ္စရေးရေတပ်၏ ပစ်ခတ်မှု ဂါဇာရေလုပ်သား သေဆုံးခဲ့ရ

ဂါဇာ စက်တင်ဘာ ၂၅

အစ္စရေးရေတပ်၏ ပစ်ခတ်မှုကြောင့် ဂါဇာကမ်းမြောင်မြောက်ပိုင်းတွင် စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းက ဂါဇာရေလုပ်သားတစ်ဦး သေဆုံးခဲ့ရကြောင်း ဆေးဘက်နှင့် မျက်မြင်တွေ့သူများက ပြောကြားသည်။

သေဆုံး

အစ္စရေး တပ်ဖွဲ့ဝင်များ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် အသက် ၂၀အရွယ်ရှိ ရေလုပ်သား မိဟာမက်မန်ဆူးဧကာကာ၏ ရင်ဘတ်ကို ထိမှန်ပြီး ၄င်းအား ဆေးရုံသို့တင်ပို့ရာ လမ်းတွင် သေဆုံးသွားကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

အစ္စရေးရေတပ်က ဂါဇာကမ်းမြောင်နှင့် ပါလက်စတိုင်း ငါးဖမ်းရေယာဉ်များကို ယင်းသို့မကြာခဏ သေနတ်ဖြင့် ပစ်ခတ်ကြသည်ဟု သိရသည်။ **အမ်အင်နီအေးဆင်ဟွာ**

မက္ကဆီကိုပင်လယ်ကွေ့၌ ဘီပီကုမ္ဗဏီ၏ ရေနံတွင်းပေါက်ကွဲမှု ရေနံစိမ်းစည်ပေါင်း ၄ဒသမ၄သန်း ယိုစိမ့်ခဲ့ဟုဆို

ဗန်ကောက် စက်တင်ဘာ ၂၅

ဗီယက်နမ်နိုင်ငံ ဟနွိုမြို့ရှိ ကုန်သွယ်ရေးဗဟိုဌာနတွင် ဗုံးပေါက်ကွဲ ၁ဦးသေ ၅ဦးဒဏ်ရာရ

ဗီယက်နမ်နိုင်ငံ ဟနွိုမြို့ရှိ ကုန်သွယ်ရေးဗဟိုဌာနတွင် ဗုံးပေါက်ကွဲ ၁ဦးသေ ၅ဦးဒဏ်ရာရ

ကမ္ဘောဒီးယား သမိုင်းနောက်ခံ ရာဇဝင်ဇာတ်ကားကြီး ဂျက်လီ၊ အွန်စောနဲ့ အင်ဂျလီနာတို့ သုံးပွင့်ဆိုင်ပါဝင်ရိုက်ကူးကြမည်

နိုင်ငံတကာ ရုပ်ရှင်နှင့် အနုပညာ

ကိုသစ္စာ - စုစည်းတင်ပြသည်

ရန်ကုန် စက်တင်ဘာ ၂၅

ရုပ်ရှင်အနုပညာဆိုတာ ခံစားမှုရှိပြီး ရသလည်းဖြောက်အောင် ရိုက်ကူးနိုင်မယ်ဆိုရင် ကမ္ဘာတစ်ဝန်း ဘယ်နေရာ ဘယ်ဒေသက ပရိသတ်တွေမဆို အားပေးတတ်ကြစမြဲပါပဲ။ အဲဒီလိုပဲ ရုပ်ရှင်သရုပ်ဆောင်တွေဆိုတာကလည်း ကိုယ့်ရဲ့အနုပညာအရည်အသွေးကို ပရိသတ်တွေ ရင်ထဲဆက်ရောက်အောင် ဇာတ်လမ်းနဲ့ အဝင်ခွင်ကျသရုပ်ဆောင်နိုင်ရင် ဘယ်နေရာ ဘယ်ဒေသက သရုပ်ဆောင်နဲ့မဆို တွဲပြီးရိုက်ကူးလို့ရတာပါပဲ။ အရေးကြီးတာက ကိုယ့်ရဲ့အနုပညာဖြောက် ကြိုးစားသရုပ်ဆောင်မှု အရည်အချင်းပဲ ဖြစ်ပါတယ်။

ကို ရီး ယား ရုပ်ရှင်သရုပ်ဆောင် မင်းသမီး အွန်စော။

ဒီရုပ်ရှင်ဇာတ်ကားမှာ ဂျက်လီနဲ့ အင်ဂျလီနာကျိုလီတို့အပြင် တောင်ကိုရီးယား ရုပ်ရှင်မင်းသမီးဆောင်းဟောကို (အွန်စော) အပါအဝင် တောင်ကိုရီးယားက နာမည်ကျော် ရုပ်ရှင်မင်းသား၊ မင်းသမီးတွေလည်း ပါဝင်ကြမှာ ဖြစ်ပါတယ်။ ဆောင်းဟောကို (အွန်စော)က ဒီရုပ်ရှင်ဇာတ်ကားအတွက် သရုပ်ဆောင်လမှာ ရင်ခုန်စရာကောင်းပြီး ကွဲပြားတဲ့ သရုပ်ဆောင်တွေနဲ့အတူ ရိုက်ကူးရမှာမို့ စိတ်ဝင်စားစရာကောင်းပါတယ်လို့ ပြောကြားပါတယ်။

ရိုက်ကူး

အခုဆိုရင် တရုတ် ရုပ်ရှင်သရုပ်ဆောင် မင်းသားဂျက်လီနဲ့ အမေရိကန် ရုပ်ရှင် သရုပ်ဆောင်မင်းသမီး အင်ဂျလီ နာဂျိုလီတို့ဟာ ကမ္ဘောဒီးယားနိုင်ငံရဲ့ သမိုင်းနောက်ခံ ရာဇဝင် ရုပ်ရှင်ဇာတ်ကားကြီး တစ်ကားမှာ အတူတွဲပြီး ရိုက်ကူးတော့မှာ ဖြစ်ပါတယ်။ အဲဒီလို ရုပ်ရှင်ရိုက်ကူးဖို့အတွက် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင် မြို့မှာ စက်တင်ဘာ ၂၂ရက်က သတင်းစာ ရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့ပါတယ်။ အဲဒီ သတင်းစာရှင်းလင်းပွဲကို မင်းသားဂျက်လီနဲ့ မင်းသမီး အင်ဂျလီ နာဂျိုလီတို့ကလည်း တက်ရောက်ခဲ့ကြသလို ရုပ်ရှင်ရိုက်ကူးမှုနှင့် ပတ်သက်ပြီး မန်နေဂျာအဖြစ် တာဝန်ယူမယ် သောမတ်မက်ယာလည်း တက်ရောက်ခဲ့ပါတယ်။

Great Khmer Empire လို့ အမည်ပေးထားတဲ့ အဲဒီရုပ်ရှင်ဇာတ်ကားကို သုံးနှစ်ကြာအောင် အချိန်ယူရိုက်ကူးမှာ ဖြစ်ပြီး ခမာအင်ပါယာနဲ့ ပတ်သက်တဲ့ အသေးစိတ် သမိုင်းအချက်လက်တွေလည်း ရှာဖွေမှိုက်ကူးသွားမယ်လို့ ဆိုပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ ခမာလူမျိုးတွေရဲ့ အင်ပါယာထူထောင်မှုတွေကို သမိုင်းနောက်ခံထားပြီး စိတ်ဝင်စားဖွယ်၊ စိတ်လှုပ်ရှားဖွယ် ရိုက်ကူးသွားမှာဖြစ်တယ်လို့ သတင်းစာရှင်းလင်းပွဲမှာ မန်နေဂျာ သောမတ်မက်ယာက ပြောကြားခဲ့ပါတယ်။

အမေရိကန်ဒေါ်လာ သန်း ၇၀နဲ့ ကုန်ကျမယ်လို့ ခန့်မှန်းထားတဲ့ အဲဒီရုပ်ရှင်ဇာတ်ကားကို ကမ္ဘောဒီးယား အစိုးရက လည်း ရိုက်ကူးဖို့ ခွင့်ပြုခဲ့ပြီးဖြစ်တာမို့ လာမယ့် ဆောက်တိုဘာလမှာ စတင်ရိုက်ကူးဖို့ စီစဉ်ထားပါတယ်။

အမေရိကန် ရုပ် ရှင် သ ရုပ်ဆောင် မင်းသမီး အင်ဂျလီနာဂျိုလီ။

ထည့်သွင်း

Great Khmer Empire ရုပ်ရှင်ဇာတ်ကားမှာ ကမ္ဘောဒီးယားနိုင်ငံရဲ့ သတ္တမမြောက်ကျွယ်ယာဇာမင်ဘုရင်လက်ထက် ၁၁ရာစုနဲ့ ၁၂စုတဲ့ ကာလအတွင်းက အဖြစ်အပျက်တွေ အပါအဝင် နာမည်ကျော် အနီကောဝပ် ဘုရားကျောင်း ကည်ဆောက်ခဲ့မှု သမိုင်းဖြစ်ရပ်တွေကအစ ပါဝင်အောင် ထည့်သွင်း ရိုက်ကူးမှာ ဖြစ်ပါတယ်။

သရုပ်ဆောင်ဆု

ဂျက်လီဟာ အသက် ၄၇နှစ် ရှိပြီး ဖြစ်မေမယ့် သွက်လက်တဲ့ သရုပ်ဆောင်မှုတွေကြောင့် ကမ္ဘာကျော်သရုပ်ဆောင်တစ်ဦး ဖြစ်နေဆဲပါပဲ။ ၂၀၀၆ ခုနှစ်နဲ့ ၂၀၀၈ ခုနှစ် တွေမှာ ဟောင်ကောင်ရပ်ရဲ့ ဆကောင်းဆုံး သရုပ်ဆောင်ဆုရရှိခဲ့ပြီး ရုန်ဟိုင်းရပ်ရှင်ကပေးတဲ့ ၂၀၀၈ ခုနှစ်အတွက် အကောင်းဆုံး သရုပ်ဆောင်ဆုကို ရရှိထားသူ ဖြစ်ပါတယ်။

အင်ဂျလီနာဂျိုလီကတော့ အသက် ၃၅ နှစ်ရှိပြီး ဖြစ်မေမယ့် အမေရိကန်မှာ ကျော်ကြားတဲ့ သရုပ်ဆောင် တစ်ဦးပါပဲ။ အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ခင်ပွန်းဖြစ်သူက ရုပ်ရှင်ရိုက်တာကို သဘောမတူပေမယ့် ခေါင်းမာမာနဲ့ ဆက်လက်ရိုက်ကူး

တရုတ် ရုပ် ရှင် သရုပ်ဆောင် မင်း သား ဂျက်လီ။

ကေသာ်လည်း ဘေးကနေ ကူညီပေးမယ့် ခင်ပွန်းသည် ဟိုတယ်မှူးရေးနှင့် သင်္ဘောလိုင်းများတွင် အလုပ်ဝင်ရောက်လိုသူများ တက်ရောက်ထားသင့်သည့် သင်တန်းဖြစ်သည်။

ဆွေးနွေးဆောင်ရွက်

GALLANT သင်တန်းကျောင်းမှ အင်ဂျနီယာ ဘာသာရပ်များသင်ကြားပေးခြင်းအပြင် ပြည်ပတွင် အလုပ်လျှောက်ထားမည့်သူများအတွက် အလုပ်အကိုင်ရရှိရန် ဘာသာရပ်ရွေးချယ်မှု၊ ခေါ်ယူသော ရာထူး၊ ရရှိနိုင်သည့် လစာများနှင့် ပြင်ဆင်ထားရမည့် လုပ်ငန်းအတွေ့အကြုံတို့ကို တိုင်ပင်ဆွေးနွေး ဆောင်ရွက်ပေးသည်။

ဆက်သွယ်စုံစမ်းနိုင်

GALLANT သင်တန်းကျောင်းမှ တစ်နှစ်လျှင် နှစ်ကြိမ်မဖွင့်လှစ်သင်ကြားလျက်ရှိပြီး ယခုဖွင့်လှစ်မည့် စက်တင်ဘာလတန်းခွဲကို စက်တင်ဘာလကုန်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ အလုပ်တစ်ဖက် တက်ရောက်လိုသူများအတွက် ညနေပိုင်းတန်းခွဲများကိုလည်း ဖွင့်လှစ်ထားသည်။ စိတ်ဝင်စားပါက အမှတ် ၅ ဘီ-၅ လေးလွှာ ဦးထွန်းလင်းဖြိုလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၉၄၀၃၊ ၅၁၃၈၀၄နှင့် ၀၉-၅၁၂၈၀၂ဖြင့်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောင်းနီယာဒီပလိုမာဘာသာရပ်များ သင်ကြားပေးလျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၅

GALLANT Training Centre က အင်ဂျင်နီယာ ဒီပလိုမာဘာသာရပ် ၁၅မျိုး ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

City & Guilds အင်ဂျင်နီယာ ဘာသာရပ်များကို အင်ဂျင်နီယာအခြေခံမရှိသူများအပါအဝင် တက်ရောက်နိုင်ရန် Foundation Programme ၌ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ (Maths, English, Science, Hand Drawing) ဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးပြီး အင်္ဂလန်နိုင်ငံ၏ သင်ရိုးညွှန်းတမ်းများအတိုင်း Mechanical & Electrical, Mechanical Power, Electrical Power, Electronic နှင့် Civil (Construction) တို့ကို မိမိပါသနာပါရာ ရွေးချယ်တက်ရောက်နိုင်သည်။

နှစ်စဉ် ဇွန်လနှင့် ဒီဇင်ဘာလများတွင် အရည်အချင်းစစ်စာမေးပွဲများကို ကျင်းပပေးပြီး မိမိမြေမှိုရိုင်းသည့် ဘာသာရပ်များကို ခွဲ၍ ဖြေဆိုနိုင်သည်။

စာမေးပွဲဖြေဆိုဆောင်မြင်ပြီးသူတိုင်းကို City & Guilds အင်ဂျင်နီယာဒီပလိုမာ လက်မှတ်အပြင် GALLANT သင်တန်း ကျောင်း၏ လက်တွေ့လုပ်ငန်းခွင်အသုံးချ ကျွမ်းကျင်လက်မှတ်နှစ်ခုကိုပါ ထည့်သွင်း သင်ကြားပေးသည်။

ဆယ်တန်းဆောင်မြင်ပြီးသူများ၊အင်ဂျင်နီယာဒီပလိုမာလက်မှတ်ဖြင့် ပြည်တွင်း၊ ပြည်ပအင်ဂျင်နီယာ အလုပ်လျှောက်ထားလို သူများနှင့် ပြည်ပတွင် အင်ဂျင်နီယာဘာသာရပ်ကို ဘွဲ့ရသည်အထိ ကျောင်းတက်ရောက်မည့်သူများ တက်ရောက်ထားသင့်သည့် ဘာသာရပ်များ ဖြစ်သည်။

ပြည်တွင်းစက်ရုံဆောက်လုပ်ရေး၊ ကားထုတ်လုပ်ရေး၊ ဟိုတယ်များ၊ ရေနံတူးဖော်ရေးနှင့် သင်္ဘောလိုင်းများတွင် အလုပ်

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ညောင်တုန်းမြို့ အမှတ်(၈) ရပ်ကွက် သစ္စာလမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစန်းယုလှိုင်နှင့် ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၈ရက်က အမှုဆောင် အရာရှိ ဦးဆောင်ကျော်စိုး၊ ကွင်းဆင်းကြီးကြပ်စဉ်။ (၁၅)

ကျန်းမာ-ဖိလစ်ပိုင် သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်ပတ်လည်နေ့ ဂုဏ်ပြု

ဖိလစ်ပိုင်ဘာသာစကားဆိုင်ရာ စာအုပ်များလျှောက်ဒါန်း

နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၅၄)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖိလစ်ပိုင်ဘာသာစကားဆိုင်ရာ စာအုပ်များလျှောက်ဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ရက် ညနေ ၄နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ ကျင်းပသည်။

လျှောက်ဒါန်း

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Maria Hellen M.Barber လျှောက်ဒါန်းသည့်စာအုပ်များကို လက်ခံသည်။**(အပေါ်ပုံ)**

တက်ရောက်

အဆိုပါစာအုပ်များ လျှောက်ဒါန်းပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်အောင်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

မြန်အောင် စက်တင်ဘာ ၂၅

၂၀၁၀ခုနှစ် မြန်အောင်မြို့နယ် ဆေးချမ်းသာယာရေးနှင့် ပွဲပြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရဝ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသား အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဆောက်ဆုံးမိလလွှဲတွဲ စက်တင်ဘာ ၁၆ရက် ညနေ ၃ နာရီက မြန်နယ်အားကစားကွင်းဌာ ကျင်းပသည်။

ဗိုလ်လုပွဲတွင် အမှတ်(၅)ရပ်ကွက် ဘောလုံးအသင်းနှင့် ရှားတော ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၅)ရပ်ကွက် ဘောလုံးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဘောလုံးပြိုင်ပွဲ အပြီးတွင် ပထမ၊ ဒုတိယနှင့် တစ်ဦးချင်းဆုများကို ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဦးကလည်းကောင်း၊ အသန့်ရှင်းဆုံး အသင်းဆုရရှိသော အင်ပင် ဘောလုံးအသင်းကို ဟသ်တခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ရင်ကလည်းကောင်း၊ ဒုတိယဆုရရှိသော ရှားတော ဘောလုံးအသင်းအား ဌေသာဆုကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာရှိ ဦးသိုင်းထွန်းဇော်ကလည်းကောင်း၊ ပထမဆုရရှိသော အမှတ်(၅) ဘောလုံးအသင်းအား ဌေသာနှင့် တံခွန်စိုက်ဆုဖလားကြီးကို မြို့နယ်ဆေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကျူးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။**(အပေါ်ပုံ) (မြို့နယ် အား/ကာ)**

ရေယာဉ်များ အသစ်တည်ဆောက်မှုနှင့် ပြင်ဆင်ဆောင်ရွက်မှု ပို့ဆောင်ရေးဝန်ကြီးဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေသည် စက်တင်ဘာ ၂၁ရက် ညနေ ၃နာရီခွဲက ရန်ကုန်မြို့ အလုံကမ်းနားလမ်းရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အလုပ်သမောက်ကျင်း ရောနမ်းမသို့ရောက်ရှိရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဖိုးတင့်က ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ ရေယာဉ်အင်အား၊ ခရီးသည်နှင့်ကုန်စည် ပို့ဆောင်မှု၊ရေယာဉ်များ အသစ်တည်ဆောက်မှုနှင့် ပြင်ဆင်ဆောင်ရွက်နိုင်မှု အခြေအနေ တို့ကို လည်းကောင်း၊ ဒုတိယ အင်ဂျင်နီယာ မှူးကြီး ဦးအက်စ်ကေမြတ်သူက အင်ဂျင်နီယာဌာန အလုပ်သမောက်ကျင်း ၈၊ ရေယာဉ်များ အကြီးစား၊ အသေးစား ပြင်ဆင်ခြင်းနှင့် ရေယာဉ်အဟောင်းများ ပြန်လည်မွမ်းမံ ပြင်ဆင်ခြင်း အခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ထို့နောက် ဝန်ကြီးသည် လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အသစ်တည်ဆောက်လျက်ရှိသော ကုန်တင်တွဲ ယာဉ်သစ်များနှင့် ကုန်တင်ရေယာဉ်သစ်များ၊ တန်ချိန် ၁၈၀၀ ကမ်းရိုးတန်းသွား သီတင်းရေယာဉ်များအသစ်တည်ဆောက် နေမှုနှင့် ပြီးစီးမှုအခြေအနေ၊ ရေယာဉ် ဟောင်းများ နှစ်ပတ်လည် ကျင်းတင် ပြင်ဆင်ခြင်း၊ အရေးပေါ်ပြင်ဆင်ခြင်းနှင့် အကြီးစား၊ အသေးစား မွမ်းမံပြင်ဆင် ပြုပြင်နေမှု အခြေအနေတို့ကို လုပ်ရှင်လည်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

(အမေါ်ဝုံ) (သတင်းစဉ်)

ပြင်ဦးလွင်မြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ပြင်ဦးလွင် စက်တင်ဘာ ၂၅

၂၀၁၀ ခုနှစ် ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌမဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၂ရက် ညနေ ၃နာရီက ပြင်ဦးလွင်ခရိုင် အားကစားကွင်းဦးကျင်းပသည်။ ဗိုလ်လုပွဲတွင် ရပ်ကွက်ကြီး(၃) အသင်းနှင့် နယ်မြေ(၄) အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရပ်ကွက်ကြီး(၃)အသင်းက တစ်ဝိုး-ဂိုးမရှိ ဖြင့် အနိုင်ရဖိုလ်စွဲသွားသည်။

ချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသောအသင်း၊ ဒုတိယဆုရရှိသောအသင်းနှင့် ပထမဆုရရှိသောအသင်းများအား ဆုတံဆိပ်နှင့် ဆုငွေများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် တာဝန်ရှိသူတို့ကလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် နေရာအလိုက်အကောင်းဆုံး ဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်နှင့် ဆုငွေများကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်စန်းဝင်းနှင့် တာဝန်ရှိသူများကလည်းကောင်း ချီးမြှင့်ပေးကြသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်က ပြိုင်ပွဲတွင် အနိုင်ရဖိုလ်စွဲသည့် ရပ်ကွက်ကြီး(၃) အသင်းအား တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်ပေးခဲ့ကြောင်းသိရှိရသည်။

(ခရိုင် မြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လှည်းကူးခ်ဋ္ဌဟောပြော

ရန်ကုန် စက်တင်ဘာ ၂၅

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးဌာန ရန်ကုန်ခြောက်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဆွေသည် စက်တင်ဘာ ၁စရက်က ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်၌ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စဝတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်စည်းကမ်းလမ်းညွှန် အမှတ်အသားများနှင့် အချက်ပြဆိုင်ရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(ယာဝုံ) (ကညန)

စက်ရေတွင်းတူးဖော်

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော သဲကုန်းကြီးကျေးရွာ နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး(အရှေ့တိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဓေယျာညိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမော်လွင်တို့ ရှင်းလင်းတင်ပြခဲ့၏။ (မြို့နယ်စည်ပင်)

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ရွှေကျင်မြို့နယ်၌ဖွင့်

ရွှေကျင် စက်တင်ဘာ ၂၅

ပဲခူးခရိုင် ရွှေကျင်မြို့နယ်ကော်မရှင် အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို စက်တင်ဘာ ၂ရက် နံနက် ၁၀နာရီက အထက ရွှေကျင် ပညာရေးနာခန်းမ၌ ကျင်းပရာ ရှေ့ဦးစွာ ပဲခူးခရိုင်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်ဦးသိန်းနိုင်က အမှာစကား ပြောကြားပြီးနောက် ရပ်ကွက်၊ ကျေးရွာ အုပ်စု ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညွှန်ကြား ချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းဒီ(ဝဲပုံ)က ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မဲရုံမှူးလုပ်ငန်းညွှန်ကြားချက်များကို အဖွဲ့ဝင်ဦးဖိုးရည်ကလည်းကောင်း၊ ဒုတိယမဲရုံမှူး လုပ်ငန်းညွှန်ကြားချက်များကိုအဖွဲ့ဝင်ဦးမြင့်သောင်းကလည်းကောင်း၊ မဲစာရင်း စစ်ဆေးသူ လုပ်ငန်းညွှန်ကြားချက်များကို အဖွဲ့ဝင် ဒေါ်စန်းစန်းမြက လည်းကောင်း၊ ဆန္ဒမဲထုတ်ပေးသူ လုပ်ငန်းညွှန်ကြားချက်များကို အဖွဲ့ဝင်ဦးဝင်းနယ်ကလည်းကောင်း၊ မဲရုံလုံခြုံရေးဆောင်ရွက်သူ လုပ်ငန်းညွှန်ကြား ချက်များကို အဖွဲ့ဝင် ဦးဆောင်စိုးက လည်းကောင်း၊ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို အဖွဲ့ဝင် ဒေါ်ခင်တည် ကလည်းကောင်း ရှင်းလင်းဆွေးနွေးပို့ချပြီး မဲရုံသရုပ်ပြအစီအစဉ်ဖြင့် ရှင်းလင်းပြသသည်။

အဆိုပါ သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၂၃၇ဦး တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။ (မြို့နယ် မြန်/ဆက်)

မြန်မာနိုင်ငံစာရင်းကောင်စီ နေပြည်တော်၌ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းဖွင့်လှစ် ပို့ချမည်

နေပြည်တော် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံ စာရင်းကောင်စီက နေပြည်တော်ရှိ အစိုးရရုံးဌာန ဝန်ထမ်းများ အတွက် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းကို ၂၀၁၀ခုနှစ် ဧဗေါ်ဝါရီ ၁ရက်မှစတင်၍ ၁၀လကြာ နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ဖွင့်လှစ်ရန်စီစဉ်ထားပြီး အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ နံနက်၇နာရီမှ ၉နာရီ အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

စုံစမ်းနိုင်

အဆိုပါ သင်တန်းသို့ ဘဏ္ဍာရေးနှင့် ဝန်ထမ်းများ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာပုံစံကို ၂၀၁၀ခုနှစ် ဩဂုတ်တို့ဘာ ၁ရက်မှ ၂၉ရက်အထိ ရုံးချိန်အတွင်း နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်းသို့ လူကိုယ်တိုင်လာရောက်ယူနိုင်ကြောင်း၊ အသေးစိတ် အချက်အလက်များကို ဖုန်း- ၀၆၇-၄၀၇၂၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၄) မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး တွင် ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ ပထမတန်းတွင် ပထမဆုရရှိသူ မဝင့်ဖျူး သွယ်အား ကျောင်းဆုပ်ဆရာကြီး ဦးကျော်မြင့်ဆွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာ့ရှေ့ဆောင်ဘဏ်(သိမ်ဖြူဘဏ်ခွဲ)အား ၂၃-၉-၂၀၁၀ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ၊ အောင်ကြီးထရေးဒင်းလီမိတက်။

ရေယာဉ်လေလံကြော်ငြာ

၁။ ဖမ်းဆီးရမိရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ စစ်ထောက်ချုပ်ရုံးမှ ဖမ်းဆီးရမိရေယာဉ်(၁၀)စင်းအား လေလံတင်ရောင်းချပွဲများကို အောက်ဖော်ပြပါဖြို့/ရက်များအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

စဉ်	ရေယာဉ်အမည်/ အမျိုးအစား	အတိုင်းအတာ (မီ)	အင်ဂျင်/ မြင်းကောင်ရေ
	မြစ်ကြီးနား(၂၈-၉-၂၀၁၀)		
၁။	အမည်မရှိ၊သစ်မောင်းခိုလေ	၃၆×၅×၂	ဟွန်ဒါအင်ဂျင်၊မြင်း-၁၅	
	မြိတ် (၂၈-၉-၂၀၁၀)		
၁။	အမည်မရှိ၊သစ်ခိုးလေ	၇၂×၁၁×၅	ဟီးနိုးဆီးကေ-၁၀၀ (G)လုံးထိုး၊မြင်း-ဖတ်ရေ
၂။	အမည်မရှိ၊ဗီးသွေးလေ	၆၀.၆×၁၃.၁၁×၄	တရတ်နီ၊မြင်း၂၅(၁)လုံး
၃။	အမည်မရှိ၊သစ်မောင်းခိုလေ	၆၆.၆×၁၁.၆×၅	တရတ်နီ၊ မြင်း၈/၁၀(၁)လုံး ဟီးနိုးအိပ်ချိန်-7C (G)လုံးထိုး၊မြင်း-၁၈၀
၄။	ပန်းမှင့်ဖြူ(၁)ဗီးသွေးလေ	၆၉.၃×၁၆.၅×၇	ဟီးနိုးဆီးကေ-၁၀၀ (G)လုံးထိုး၊ မြင်း-ဖတ်ရေ
၅။	အမည်မရှိ၊ဗီးသွေးလေ	၅၃.၄×၁၁.၄×၂.၁၁	မစ်ဆူတီရီ 4D-33(C)လုံးထိုး၊ မြင်း-၁၁၀
၆။	အမည်မရှိ၊ ပြန်မောင်းခိုလေ	၆၆×၁၅.၅×၅.၁၀	နစ်ဆန်းပီဒီ-G၊(G)လုံးထိုး၊ မြင်း-၁၈၅
၇။	အမည်မရှိ၊သစ်ခိုးလေ	၄၉.၇×၉.၉×၄.၂	တရတ်နီ၊မြင်း၂၅(၁)လုံး တရတ်နီ၊ မြင်း ၈/၁၀(၂)လုံး
	ကျောက်ဖြူ(၂၈-၉-၂၀၁၀)		
၁။	အမည်မဲ၊နွားမောင်းခိုလေ	၈၀×၁၉×၇	နစ်ဆန်း(၁၀)လုံးထိုး၊ မြင်း-၄၂၅
၂။	Lucky Flower နွားမောင်းခိုလေ	၆၈×၁၈×၆	နစ်ဆန်းRD-8 (B)လုံးထိုး၊မြင်း-၃၇၅

၂။ လေလံတင်ရောင်းချခြင်းအား အသေးစိတ်သိလိုပါက ဖမ်းဆီးရမိ ရေယာဉ်များ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့စစ်ထောက်ချုပ်ရုံးနှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ စုံစမ်းနိုင်ပါသည်-

ဖမ်းဆီးရမိရေယာဉ်များကြီးကြပ်ကွပ်ကဲရေးအဖွဲ့
စစ်ထောက်ချုပ်ရုံး

စစ်ထောက်ချုပ်ရုံး	-	ဖုန်း-၀၃၆-၃၁၀၉၅၊၀၃၆-၃၁၁၁၈၊
မြစ်ကြီးနားဒေသ	-	ဖုန်း-၀၃၃-၄၀၀၆၃၊
မြိတ်	-	ဖုန်း-၀၃၁-၄၀၀၆၈၊ ၀၃၁-၄၀၀၆၉၊
ကျောက်ဖြူဒေသ	-	ဖုန်း-၀၃၂-၃၃၀၂၁၊၀၃၂-၃၃၀၂၅။

ရဲမျက်မှန်

ပိုမိုရှင်းရှား ဆက်သွယ်ပါ

သင့်သွေးဖြင့် အသက်ကယ်ပါ

မန်စီးတီးတိုက်စစ်မျှား တီဗက်ခ်၏ဂိုးကြောင့် ချန်ပီယံချယ်လ်ဆီးတို့ ပထမဆုံးရှုံးပွဲကို

မြင့်မောင်စိုး-စုစည်းသည်

လန်ဒန် စက်တင်ဘာ ၂၅

ပရီမီယာလီဂ်ပွဲစဉ်(G)ကောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၂၅ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်စီးတီးအသင်းက ဆိမ်ကွင်းဌဲ ငါးပွဲဆက်တိုက်အနိုင်ရထားသော ချန်ပီယံချယ်လ်ဆီးအသင်းကို တီဗက်ခ်၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အနိုင်ရလိုက်သည်။

မန်စီးတီးတိုက်စစ်မျှား တီဗက်ခ်၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ပါဝင်ကစား

မန်စီးတီးအသင်းတွင် တီဗက်ခ်၊ ယာယာတိုရေး၊ ဆီးလ်ဗား၊ ဗီလ်နာအစရှိသည့် ကစားသမားများ ပါဝင်ကစားခဲ့သည်။ ချယ်လ်ဆီးအသင်းတွင်လည်း ၁ရွှောဘာ၊ အန္တယ်လ်ကာ၊ အက်ဆီယ်၊ မာလူဒါအစရှိသည့် ကစားသမားများ ပါဝင်ကစားခဲ့သည်။

ပွဲစသည်နှင့် အကြိတ်အနယ် အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသည်။ သို့သော် ထထမပ်ပင်ပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြပေ။ ဒုတိယပိုင်းတွင် အိမ်ရှင်မန်စီးတီးအသင်းက တိုက်စစ်အရှိန်မြှင့်ကစားလာသည်။ ပွဲချိန် ၅၉မိနစ်တွင် မန်စီးတီးတိုက်စစ်မျှား တီဗက်ခ်၏ ကိုက် ၂၀အကွာမှ လှလှပပသွင်းယူပေးလိုက်သည်။

အကြိတ်အနယ်

ချယ်လ်ဆီးတို့အနေဖြင့် ချေပိုးရရှိရေး ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ဆီဗာမိုစစ်သွင်းယူသည့်ကောလုံးမှာ ဂိုးဘားတန်းထိမှန်ခဲ့သဖြင့် ချေပိုးနှင့်လွဲခဲ့ရသည်။ ပွဲပြီးသည်အထိ အကြိတ်အနယ်ကြိုးစားသော်လည်း ထပ်မံဂိုးမသွင်းနိုင်သဖြင့် မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရလိုက်သည်။

စတုတ္ထနေရာ

မန်စီးတီးအသင်းသည် ယင်းပြိုင်ပွဲအနိုင်ရလိုက်သဖြင့် ရမှတ် ၁၁မှတ်ဖြင့် အမှတ်ပေးဇယား စတုတ္ထနေရာသို့ ရောက်ရှိလာသည်။ ချယ်လ်ဆီးအသင်းသည် ရမှတ် ၁၅မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ပိုင်ရပ်တည်ဆဲဖြစ်သည်။

အခြားပွဲရလဒ်များ

အာဆင်နယ်	၂	-	၃	ဝက်စ်ဘရွန်း
ဘာမင်ဂမ်	၀	-	၀	ဗီဂန်
ဘလက်ဗားလ်	၁	-	၂	ဘလက်တန်း
ဗူလ်ဗာမ်	၀	-	၀	အဲဗာတန်
လီဗာပူး	၂	-	၂	ဆန်းဒါးလန်း
ဝက်စ်ဟမ်း	၁	-	၀	စပါး

(အင်တာနက်)

ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း မြန်မာဗီဒီယိုဇာတ်ကား၊ မြန်မာကာရာအိုကေတေးစုများ ခိုးကူးချပ်၊ ပွားချပ်များပျောက်စေရေး၊ ဗီဒီယိုလုပ်ငန်းရှင်များမှ သက်မှတ်ရည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒေတာ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်ပတ်သက်၍ တောင်ကြီးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း လုပ်ငန်းရုံးရှိ၌ စက်တင်ဘာ ၁၅ရက် နံနက် ၁၀နာရီတွင် ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ဌာနခွဲမှူး (လုပ်ငန်းစု) ဦးမိုးစည်သူက ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ အလုပ်အမှုဆောင်များ၊ တောင်ကြီးမြို့ပေါ်ရှိ ဗီဒီယိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး ဟောပြောခဲ့ကြောင်းသိရသည်။

(ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့)

မသန်စွမ်းသူများအတွက် ဘောလုံးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၅ **ဆက်သွယ်စုံစမ်း**

ရွှေမင်းသား ဖောင်ဒေးရှင်း (မြန်မာ)၏ မသန်စွမ်းသူများအတွက် ရန်ပုံငွေဘောလုံးပွဲပဒေါ်ဖြစ် သရဲဆောင် များဖြင့် ဖွဲ့စည်းထားသော Actor Star Football Club နှင့်အောင်မြင် ကျော်ကြားခဲ့သော မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများဖြင့် ဖွဲ့စည်း ထားသော All Star Football Club (1993) တို့ စက်တင်ဘာ ၂၇ရက် (တနလာနေ့) ညနေ ၃နာရီ၌ တွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားကွင်းဌဲ ယှဉ်ပြိုင်ကစားကြ မည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲကို ကြည့်ရှု အားပေးလိုသူများနှင့် မသန်စွမ်း သူများ၊ မသန်စွမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းကျောင်းများသည် ရွှေမင်း သား ဖောင်ဒေးရှင်း (မြန်မာ) ရုံးခန်း အမှတ် ၇၉၇ အခန်း (၁၀၄-ဘီ) ဗိုလ်ချုပ်အောင်ဆန်းလမ်း (၀၊တာန်း လမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၁၅၉၃၉၊ ၂၂၂၉၂၃၊ ၀၉-၅၁-၅၂၅၁ နှင့် ၀၉-၅၀-၄၂၆၂ တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(၁၃၅)**

ရန်ကုန်မြို့၌ ဗိုလ်လောင်းသင်တန်းစည်းရုံ(၈၀)မှ သင်တန်းသားများက နှစ် (၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်းပေသောပင်အတွက် ရွေးချယ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမွေဆောင် အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လျှက်ဒါန်းစဉ်။(ဘိုးဘွားရိပ်သာ)

နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မည့် မြေနေရာ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် စက်တင်ဘာ ၂၁ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်(ခ)ရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ Great Father Land Construction Decoration Company Limited က ငွေကျပ်သိန်း ၇၀၀ခန့် အကုန်အကျခံ ဆောက်လုပ်လျှက်ရှိနေသည့် နှစ်ထပ်ကျောင်းဆောင်သစ် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒါရိုက်တာဒေါ်သူဇာက နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်မည့် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး **(ယာဝုံ)** မြို့တော်ဝန်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရည်ချွန်ဆုပေးပွဲ တောင်ကုတ်၌ ကျင်းပ

တောင်ကုတ် စက်တင်ဘာ ၂၃

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်မှ ဂုဏ်ပြုပွဲအခမ်းအနားနှင့် ဦးဘသိန်း-ဒေါ်ငွေတင်၏ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ရက် နံနက် ၈ နာရီက တောင်ကုတ်မြို့နယ်ခန်းမ၌ကျင်းပရာ ရေးဦးစွာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးဆေးဝင်း၊ အလျှုရှင် ဦးဘသိန်းနှင့် မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်တို့က အမှာစကားပြောကြားပြီး **(အောက်ပုံ)** ဆုရရှိသော ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၇၉ ဦးတို့အား တာဝန်ရှိသူအသီးသီးက ဆုချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် မြန်/ ဆက်)

တိုင်းရင်းဆေးပညာ သင်တန်း ကသာခရိုင်၌ဖွင့်

ကသာ စက်တင်ဘာ ၂၁

ကသာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော တိုင်းရင်းဆေး ပညာပေးသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ကသာမြို့ ကြိုက်ခန်းမ၌ သြဂုတ် ၂၈ရက် နံနက် ၈နာရီက ကျင်းပရာ အခမ်းအနားသို့ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ပွံ့ဖြိုးရေးကော်မီဇဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ကသာခရိုင် တိုင်းရင်းဆေးကုဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဦးဖိုးကျော်က တိုင်းရင်းဆေးပညာ သင်တန်းဖွင့်လှစ်ရခြင်းနှင့် အခြေခံ တိုင်းရင်းဆေးပညာ သဘောတရားများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်စက်မေက တိုင်းရင်းဆေးပညာသင်ကြားခြင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ လူပ်ရှားမှု အခြေအနေကို ရှင်းလင်းပြောကြားပြီး သင်တန်းသို့ သင်တန်းသား ၅၃ဦး တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

(ခရိုင် မြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

မြို့သန့်ရှင်းသာယာလှပရေး

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် အဖွဲ့ပိုင်အမှိုက်သိမ်းယာဉ်ဖြင့် ရပ်ကွက်များအတွင်း အဖွဲ့ဝန်ထမ်းများ အမှိုက်သိမ်းဆည်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁၀ ရက်က အမှူဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အခြေခံပညာ ဆရာ ဆရာမများ ခရစ်ကက်နည်းပြ မွမ်းမံသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်နှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံပညာဆရာ ဆရာမများ ခရစ်ကက်နည်းပြမွမ်းမံသင်တန်း (Level-0) ကို စက်တင်ဘာ၂၃ရက် နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းရှိ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ရုံး၌ ကျင်းပရာ အာရှခရစ်ကက် ကောင်စီမှ နည်းပြဆရာနှင့် အဖွဲ့ချုပ်အမှူဆောင်အဖွဲ့ဝင်များ၊ အဖွဲ့ချုပ်နည်းပြဆရာ ဆရာမများနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြော

ရေးဦးစွာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူးက သင်တန်းသားသင်တန်းသူများ၏ လိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနေ့ားယာဉ်များ စစ်ဆေး

ကြီခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(အဆွန်)နှင့် စည်းကမ်းထိန်း ဝန်ထမ်းများ၊ အနေ့ားယာဉ်များ စည်းကမ်းလိုက်နာမှု ရှိ မရှိကို စက်တင်ဘာ ၁၂ရက်က ကြပ်မတ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့နယ် ရှားပင်ကန်ကျေးရွာ၌ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်

စစ်ကိုင်း စက်တင်ဘာ ၂၂

စစ်ကိုင်းမြို့နယ် ဆားကောင်ကျေးရွာအုပ်စု ရှားပင်ကန်ကျေးရွာ၌ ဒီကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ အဆောက်အအုံရှေ့တွင် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲကကျင်းပရာ ပထမဦးစွာ ဆားကောင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဖိုးနိုင်က အမှာစကားပြောကြားပြီး စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးစန်းဌေးက စာကြည့်တိုက် အဆောက်အအုံဖြစ်ပေါ်လာပုံနှင့် ကုန်ကျစရိတ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းက စာကြည့်တိုက် ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်နှင့် စာတော်ခြင်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လျှပ်ဒါန်း

ယင်းနောက် စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေး ဦးစီးဌာနက ဒုတိယဦးစီးမှူး ဦးကိုကိုဆေးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစန်းဌေးတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(ဝဲဘုံ)** ဆားကောင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဖိုးနိုင်၊ ဒုတိယဦးစီးမှူး ဦးကိုကိုဆေး၊ ရပ်/သံ ကျွမ်းကျင်(၃) ဒေါ်ခင်မေဆေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆေးမြင့်သန့်နှင့် အလျှုရှင်များ ကိုယ်စား ရပ်မိရပ်ဖ ဦးကျော်လွင်တို့မှ စာအုပ်စာစောင်များ ပေးအပ်လျှပ်ဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင်အသီးသီးတို့က လက်ခံယူကြသည်။

စာကြည့်တိုက် အဆောက်အအုံမှာ အလျား ၂၄မေ၊ အနံ ၁၆မေပေါ်တွင် ၁၅မေ ရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း အဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။

(ခရိုင် မြန်/ဆက်)

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၁၀ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်အမှတ်စဉ်ပွဲစဉ်များကို ဘောင်ငူနန်း၊ ပဲခူးခုနှစ်၊ သာယာဝတီခုနှစ်နှင့် ပြည်ခုနှစ်တို့၌ ဆက်လက်ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၁ရက် ညနေပိုင်းတွင် ပဲခူးခုနှစ်၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) အသင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) အသင်းကို ၁၁ဂိုး-ဂိုးမရှိ ဖြင့်လည်းကောင်း၊ သာယာဝတီခုနှစ်၌ ဧရာဝတီတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပြည်ခုနှစ်၌ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မသန်စွမ်းသူများအတွက် (အထူး)အခွင့်အရေးကောင်း အသက်မွေးဝမ်းကျောင်းပညာသင်တန်းသား/သူဧခေါ်ယူခြင်း

အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း AAR JAPAN မှ အဆင့်မြင့်ဂျပန်နိုင်ငံပညာ စက်ချုပ်၊ ဆံသာလှပြုပြင်ခြင်းနှင့် ကွန်ပျူတာ သင်တန်းများကို တစ်နှစ်လျှင်သုံးကြိမ် အခမဲ့ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါမသန့်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများ လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလအတွင်း အဆောင်တွင်နေထိုင်နိုင်သူဖြစ်ရမည်။ သင်တန်းကြေး၊ နေ့ထိုင်စားသောက်စရိတ်နှင့် သင်တန်းသား/သူများအတွက် အသွားအပြန်အနေဆုံး ခရီးစရိတ်ကို AAR JAPAN မှ စရိတ်ကြိုမိ၊ တာဝန်ယူပါမည်။ သင်တန်းသား/သူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ/မများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက်ရှိပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျက် အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါသည်။

ပထမအပတ်စဉ် ၂၀၁၀ ခုနှစ်သင်တန်းအတွက်

လျှောက်လွှာတိတ်ဆုံးရက် - ၃၀-၁၀-၂၀၁၀ ရက်

သင်တန်းကာလ - ၃-၁-၂၀၁၁ ရက်မှ ၇-၄-၂၀၁၁ ရက်အထိ

ဆက်သွယ်ရန်လိပ်စာ - **မသန်စွမ်းသူများအတွက် သက်မွေးလုပ်ငန်း ပညာသင် ကျောင်း : AAR (JAPAN)**
အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၌၊ ကျိုက်ပိုင်းဘုရားလမ်းနှင့် မင်းမဟာလမ်းထောင့်၊
ဧရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၆၆၁၇၁၂။ AAR(JAPAN)

SayaWallace B.Sc C.S.C (AUSTRALIA)
(SPOKEN ENGLISH WITH GRAMMAR)
"ပညာအမျိုးမျိုးတတ်အောင်လည်း
ENGLISH SPEAKING စရေသွင် အလေ့ပ်ကောင်းစေနိုင်"
OCT တွင် - တန်းခွဲသစ်များရှိသည်။

သက်လင်း
ဆက်သွယ်ရေးနည်းဗျူဟာများ 3in1
ဖိတ်ခေါ်ကဒ်ရေး ဖုန်း ၀၁-၂၂၇၆၇၁

ဆေးခြောက်သီတာ
ကိုင်းရင်းဆေးနွေးနှင့်ဆေးကောင်းများ
- အရေကြောအောက်ကိုဆေး 0510YR00927
- သလစ်ပိတ်ကြေးဆေး 1010YR03074
- အသက်ရှူလမ်းကြောကျဉ်းသောဆေး 0510YR01327
- အဖျားကျဆေး 0811YR00766
- အစာကြေခြင်းချွတ်ခြင်းဆေး 1009YR00697
- ဆေးရေစာမပါသောကိုယ်ခန္ဓာ 1010YR03076

ကန့်ကွက်နိုင်ပါသည်

ဧရာပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ အကွက် အမှတ် ၃၀၉ အား တရားဝင်ပိုင်ဆိုင်သူ ဦးဆော်ဆော် ၉/မမန(နိုင်)၁၆၂၇၇၄နှင့် ဇနီးသေါ့ခိုင်ခိုမြင့် ၉/မမန(နိုင်) ၁၅၇၂၉၆ တို့သမီး အပြီးအပိုင်ဝယ်ယူရရှိ ကျွန်ုပ်၏ မိတ်ဆွေက တန်ဖိုးဧရ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကနဦးကတိလိုသူများရှိပါက ကြေငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားနှိုင်းလုံးရှာဖြင့် ကျွန်ုပ်ထံသာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေငြာ အပ်ပါသည်။

ဒေါ်ပြိုးနင်းမွင့်ဆောင်
အထက်တန်းရှေ့နေ(စဉ်-၂၈၅၉၄)
အမှတ် ၁၃/၂၃၊ မကျည်းတား၊ ရန်အောင်(၁)၊
ဧရပြည်တော်ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ဖုန်း-၀၉-၆၅၁၀၃၃၁။

ယာဉ်ပတ်ပိတ်ပေါ်ကျွေးလျှောက်ထားခြင်း

ယာဉ်အမှတ် ၄/၆၉၂ တိုယိုတာ ကရောင်း M864 ဆလွန်း(4x2)(R)ယာဉ် လက်ဝယ်ရှိသူ ဦးကျော်မောင် ၉/မမန (နိုင်)၀၉၂၂၁၈(ကမ-၃)မှောက်ဆုံး၌ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံးသော အထောက်အထားများဖြင့် ကြေငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနေ၊ (ပြည်နယ်ရုံး)၊ ဝေးဖြူ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃A၊ မြေကွက်အမှတ် ၁၀၅၊ မြေကွက်တည်ရေရာ အမှတ်-၁၂၊ ၁၅၆ လမ်း၊ တာမွေကြီး (ကမ+ဂ)ရပ်ကွက်၊ တာမွေ ကိုဆောကြီးနှင့် မနှင်းတင် အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဖခင်ဂုဏ်ခြားကြီး၊ မိခင်မနှင်းတင်နှင့် သား ဦးခင်မောင်ဝေးတို့ previous လွန်သည်ဖြင့် (၁) ဒေါသမုံးဆေး ၁၂/တမန(နိုင်)၀၃၂၃၃၁ (၂)ဒေါဝေးမာ၁/တမန(နိုင်)၀၃၃၃၄ (၃) ဒေါအုန်းဌေး ၁၂/တမန (နိုင်) ၀၄၂၀၀၉ (၄)ဒေါကျင်ကုတ် ၁၂/တမန (နိုင်)၀၅၄၁၀ (၅) ဦးဘိုဘို ၁၂/တမန (နိုင်)၀၅၂၆ (၆)ဦးဝင်းလိုလဲ ၁၂/တမန(နိုင်)၀၁၉၆ (၇) ဦးခင် မောင်ဆေး ၁၂/တမန(နိုင်) ၀၂၄ခ၄ (၉) ဒေါသိုင်ရီ ၁၂/တမန(နိုင်) ၀၆၂၉ (၉) ဒေါသိုင်း ၁၂/တမန(နိုင်) ၀၆၂၉ တို့က သားသမီးနှင့် ဧဝေးမတော်စပ် ကြောင်း ကျွမ်းကျိန်လျှောင်ပြမှု အမေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပဲကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြည့်စိမ်းကိန်းနှင့် မြစေမိမန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်ဈေးပင်သာယာရေး
ကော်မတီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၅၉၀၊ မြေကွက်တည်ရေရာ-၄၇၂ သဒ္ဒါရံလမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါသိန်းတင် အယ်ဝေါက် နှစ် ၆၀ ဂရန် မြေအား အမည်ပေါက် မိခင်ဒေါသိန်းတင်နှင့် ဖခင်ဦးမောင်တင် previous လွန်လွန်သည်ဖြင့် ဒေါမြမြ ၁၈/မလေ(နိုင်)၀၂၅၀၂၈ တစ်ဦး၏ တည်းသော သမီးဖောက်ပင်ကြောင်း ကျွမ်းကျိန် လျှောင်ပြီး သောစည်းများတင်ပြီး အမှတ်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပဲကူးလျှောက် ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြည့်စိမ်းကိန်းနှင့် မြစေမိမန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်ဈေးပင်သာယာရေး
ကော်မတီ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၃၇၁၊ မြေကွက်တည် နေရာအမှတ် ၃၇၁၊ ဆင်း၀ ၃၀လမ်း၊ (၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (၁) ဦးခင်စိုး ၁၂/ဗဟန(နိုင်)၀၆၀၂၂၁ (၂) ဒေါမြချစ် ၁၂/ဗဟန(နိုင်)၀၃၂၇၁ (၃) ဒေါစန္ဒာ စိုး ၁၂/ဗဟန(နိုင်) ၀၃၂၂၇၅ အမည် ပေါက် နှစ် ၆၀ ဂရန်မြေအား အမည် ပေါက် ဦးခင်စိုးနှင့် ဒေါမြချစ်တို့ ကွယ်လွန်သည်ဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါစန္ဒာစိုး ၁၂/ဗဟန (နိုင်)၀၃၂၂၇၅ က သမီးတော်ခေါ် ကြောင်း ကျွမ်းကျိန်လျှောင်ပြမှု အမေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပဲကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဖြည့်စိမ်းကိန်းနှင့် မြစေမိမန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်ဈေးပင်သာယာရေး
ကော်မတီ။

အမည်ပြောင်း

ဦးဝင်းထက်ဆောင်၏သား သိန္နီမြို့ အထက ဆွေတန်း(A)မှ မောင်ဝိန်ဝင်း မင်းသက်နိုင်အား မောင်ဆောင်ပြည့်ခဲ့ ထက်ဟု ပြောင်းလဲဆေါ်ပါရန်။

မောင်ဆောင်ပြည့်ထက်။

ဖခင်အမည်မှန်

ဝန်းမော်မြို့ အထက(၂) တက္ကသိုလ် ဝင်တန်း(A)မှ မောင်ဆွတ်ဝိုန်ဆန်း၏ ဖခင်အမည်မှန်မှာ ဆိမ်ထောင်ရစာရင်း အရ ဦးမော်တောင် မြန်ပါသည်။

ဦးနေ့တောင်
၁/ဗမန(နိုင်)၀၄၃၁၅၆။

ဖခင်အမည်မှန်

ဝန်းမော်မြို့ အထက(၂) တက္ကသိုလ် ဝင်တန်း(E)မှ ဝေယဉ်ဂျာနင့် အမှု တန်း(B)မှ မောင်ဘရန်ဂျာတို့၏ ဖခင် အမည်မှန်မှာ ဦးဆောင်ဦး မြစ်ပါ ကြောင်း။

ဦးဆောင်ဦး
၁/ဗမန(နိုင်)၀၄၅၂၅၀။

ယာဉ်ပတ်ပိတ်ပေါ်ကျွေးလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀/၆၂၂ Isuzu LV 314 M/Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ဝင်းသိန်း ၇/မန(နိုင်)၃၆၂၂၄ (ကမ-၃) မှောက်ဆုံး၌ မိတ္တူထုတ်ပေး ရန် လျှောက်ထားလေပေါ်သည်။ ကန့်ကွက် လိုပါက နိုင်ငံလုံးသော အထောက်အထား များဖြင့် ကြေငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနေ၊ (တိုင်းဦးစီးမှူးရုံး)၊ ပဲခူး။

ဝေးသည် အသက်

ကွတ်ခိုင်မြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ကွတ်ခိုင် စက်တင်ဘာ ၂၂

ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်ကျေးရွာပေါင်းနဲ့ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ရက် ညနေပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ် သိန်းထွန်းက အမှာစကားပြောကြားရာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး အမှတ်(၁) ရပ်ကွက် ဘောလုံးအသင်းနှင့် တာဝိုးညီအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲသို့ ရပ်ကွက်နှင့် ကျေးရွာအသင်း ၁၉သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို အောက်တိုဘာ ၂၅ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ဖျာပုံ စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနနှင့် ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီး ဌာနတို့၏ ကြီးကြပ်မှုဖြင့် ငါးလုပ်ငန်း သယံဇာတထိန်းသိမ်းရေးအတွက်လည်း ကောင်း၊ သေသတ္တဝါ သာ၊ ငါး ဖူလုံစေရေး အတွက်လည်းကောင်း၊ ဂျီဒီပီတိုးတက် စေရေးအတွက်လည်းကောင်း ရည်ရွယ်၍ ၂၀၁၀-၂၀၁၁ ခုနှစ် လုပ်ငန်းရာသီ အတွက် ဒေးဒရဲမြို့နယ် ဆင့်ကူးကျေးရွာ အုပ်စု ဦးဝင်းထွန်းဆောင် လယ်မြေ၌ စက်တင်ဘာ ၅ ရက်က စပါးခင်းများ အတွင်း ငါးမျိုးစိုက်ထည့်ခဲ့ အခမ်းအနား ကျင်းပသည်။ အခမ်းအနားတွင် ဒေးဒရဲ

ကန့်ဂေါမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ဆောင်ရွက်ထားသည့် မြစ်သာ မြစ်ကူးကြိုးတံတား ကြံ့ခိုင် ကောင်းမွန်မှုကို စက်တင်ဘာ ၁၅ရက် က မကွေးတိုင်းဒေသကြီး စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစန်းဓော်ခင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးတင် စိုးဝင်းက လုပ်ငန်းဆောင်ရွက်ထား ရှိမှုကို ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ကျောင်ဌမြို့နယ် ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

တောင်ငူ စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး(အရှေ့) တောင်ငူ မြို့နယ်ပညာရေးမှူးဒိုင်း အသက်၁၃နှစ် အောက်(ကျား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ရက်က အထက(၅) တောင်ငူ ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် အထက(၁) အသင်းမှ ဒိုင်းဆုရရှိပြီး ဆုရအသင်းအား ခရိုင်ပညာရေးမှူး ဦးကျင်ဆိုင်က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အမေါ်ပုံ) (ခရိုင် မြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ရန်ကုန် စက်တင်ဘာ ၂၅

မရမ်းကုန်းမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု ဖြင့် မရမ်းကုန်းမြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့သည် စာဖတ်ရှိနိုင်ဖြင့်တင်ရေး ရေးသူ ဖတ်သူ ဆွေးနွေးပွဲနှင့် အဖွဲ့ဝင်သားသမီး များအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ် ပွဲကို စက်တင်ဘာ ၁၉ရက် မွန်းလွဲ ၁နာရီက မြို့နယ် ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပ သည်။

ထောက်ပံ့

အခမ်းအနာသို့ ဒီဒီယိုနှင့်ရုပ်ရှင် သရုပ်ဆောင် အကယ်ဒီမိုးဒီက မိတ်ဆက် စကားပြောကြားပြီး အလှုံ့ရှင်များအား ဂုဏ်ပြုလွှာပေးအပ်သည်။ ထိုနောက် အဖွဲ့ဝင်သား သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပြီးနောက် ကွယ်လွန်သူ အဖွဲ့ဝင်မောင်ရန်ရိုင်း(ပင်ရောင်း)၏ ကျန်ရစ် သူ ဇနီးနှင့် မိသားစုအား ကရုဏာကြေး ထောက်ပံ့ပေးအပ်သည်။

ထိုနောက်စာရေးဆရာမ ဇွယ်ဇင်ဦး (မြန်မာစာ)(**အောက်ပုံ**)၊ ဒေါ်တင်တင်ရီ (လုံမလေး)ဆရာဝန်တို့ပါ ကြည်မြတ်တို့က ရည်ညွှန်းစာကြည့်တိုက်အတွက် သုတရသစာအုပ်များ ပေးအပ်လျှက်ဒါနိုး ကြသည်။ ရေးသူဖတ်သူ ဆွေးနွေးပွဲတွင် စာရေးဆရာ မော်ဝန်းကြည်မြတ်နှင့် စာရေးဆရာ မောင်စိန်လွိုင်(ဥသာ)တို့က စာရေးရေးများ ဆွေးနွေးကြောင်း သိရသည်။

(၁၁၁)

ကမ္ဘာ့ရှေးဦးပြုစုခြင်း အထိမ်းအမှတ်အာဝမ်းအနှား ဝိုင်းမော်ဌ်ကျင်းပ

ဝိုင်းမော် စက်တင်ဘာ ၂၃

ဝိုင်းမော်မြို့နယ် ကမ္ဘာ့ရှေးဦးပြုစုခြင်း အထိမ်းအမှတ် အခမ်းအနားကို စက်တင် ဘာ ၁၁ရက် နံနက် ၁၁နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးသဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဓော်မင်းဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ နှင့် ကြက်ခြေနီအသင်းများ တက်ရောက် ကြသည်။

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌဦးဓော် မင်းဦးက အမှာစကားပြောကြားပြီး ကမ္ဘာ့ ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အထက် တန်းနှင့် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲ တွင် ဆုရရှိသော ကျောင်းသူ ကျောင်းသား များကို တာဝန်ရှိသူများက ဆုများပေးသီးသီး ချီးမြှင့်ကြသည်။ **(မြို့နယ် မြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနင်းတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါ ဧည့်ခံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနင်းတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး ဒေါက်တာဒေါ်ခင်သီတာ၊ တပ်မတော်အရာရှိကြီးများနှင့် ၄င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနင်းတို့သည် ညနေ ၆နာရီ ၄၅မိနစ်တွင် ဧည့်ခံပွဲကျင်းပရာ ဆီဒိုးနားဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်ဇနီးတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ခန်းမအတွင်း *စာမျက်နှာ ၆ ကော်လံ ၅* ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၁)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)